၁၉၉၅ ခု အောက်တိုဘာလမှစတင်၍
အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

*Published by Voice of Burma Information Group* *Issue No. 704 APRIL 5 , 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , voburma@ac.auone-net.jp**

## မြန်မာနိုင်ငံကို စစ်တပ်အောက်မှကယ်တင်ရန် ကောအဲန်ယူကနိုင်ငံတကာအားပန်ကြား

**VOB၊ဧပြီ ၂။** ။မြန်မာနိုင်ငံမှာ ငြိမ်း ချမ်း ရေးပြန်လည်ထွန်းကားရေး၊ တည်ငြိမ်မှုများရှိ စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မြန်မာစစ်အာဏာပိုင်များအပေါ် ပြင်းထန်တဲ့ပြစ် ဒဏ်ခတ်အရေးယူမှုတွေကို လုပ်ဆောင်ပါဆိုပြီး ကောအဲန်ယူက ပန်ကြားလိုက်ပါတယ်။

ကောအဲန်ယူရဲ့ဒုတိယဥက္ကဋ္ဌ ဒေးဗစ်တာကပေါ က မြန်မာနိုင်ငံရဲ့ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေကို ဖြေရှင်းဖို့အတွက်ဆိုရင် နိုင်ငံ တကာအသိုင်းအဝိုင်းအနေနဲ့ ဟန်ချက်ညီပြီး အချိန် ကိုက်တဲ့ ပြစ်ဒဏ်ခတ်အရေးယူမှုတွေကို နအဖအပေါ် ပြုလုပ်ဖို့ လိုအပ်တယ်လို့ ပြောဆိုပါတယ်။ ကောအဲန် ယူခေါင်းဆောင်ရဲ့အခုလိုပြောဆိုချက်ဟာ အမေရိ ကန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာ နိုင်ငံအပေါ်ကျင့်သုံးနေတဲ့ပေါ်လစီကို ပြန်လည်သုံးသပ် နေချိန်မှာ ထွက်ပေါ်လာတာဖြစ်ပါတယ်။

ဒေးဗစ်တာကပေါက သူတို့အပါအဝင် အတိုက်အခံအင်အားစုတွေက နိုင်ငံရဲ့ပြဿနာကို အခုချိန်ထိ ဖြေရှင်းနိုင်ခြင်းမရှိသေးတဲ့အတွက် အခုလို နိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီတောင်းခံရ ဖြစ်တယ်လို့ မဇ္ဈိမသတင်းဌာနကို ပြောဆိုတယ်လို့ သိရပါတယ်။ သူက ဥပမာအနေနဲ့ကြည့်ပါ၊ ကျနော် တို့ လက်နက်ကိုင်တိုက်နေတာ နှစ်ပေါင်း ၆၀ နီးပါး ရှိနေပြီး လိုချင်တဲ့ရလဒ်မထွက်သေးဘူး၊ နိုင်ငံတကာ အသိုင်းအဝိုင်းက ပြဿနာကို ဝင်ရောက်ဖြေရှင်းပေး ရန်ပြေလည်နိုင်မယ်လို့ ကျနော်တို့ထင်တယ် လို့ ပြော ဆိုပါတယ်။

ကောအဲန်ယူဒုတိယဥက္ကဋ္ဌက နိုင်ငံရေးပြဿနာ တင်ကမကပါဘူး၊ ဒုက္ခသည်၊ လူ့အခွင့်အရေးချိုး ဖောက်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးနဲ့ ပြောင်းရွှေ့ လုပ်သားကိစ္စတွေဟာ ဒေသတွင်းတည်ငြိမ်ရေးကို ထိပါးစေတယ်လို့လည်း ပြောပါသေးတယ်။ မူးယစ် ဆေးတွေဟာ ဒေသတွင်းမှာပျံ့နေတာပဲ၊ ဒီလိုပဲ တရားမဝင်ပြောင်းရွှေ့အခြေချလုပ်သားတွေလည်း အိမ်နီးချင်းနိုင်ငံတွေမှာ အများကြီး၊ မြန်မာပြည်ဟာ နိုင်ငံတကာပြဿနာဖြစ်လာနေပြီ လို့ပြောပါတယ်။

အဲဒါအပြင် ကောအဲန်ယူက နိုင်ငံတကာ အသိုင်းအဝိုင်းကို နအဖနဲ့ဆက်ဆံတဲ့အခါ စစ် အာဏာရှင်တွေရဲ့ သဘောထားနဲ့ရည်ရွယ်ချက်ကို ကောင်းကောင်းသိရှိဖို့လိုအပ်တယ်ဆိုတဲ့အကြောင်း နဲ့ ဒီလိုမှမဟုတ်ရင် စိတ်စေတနာကောင်းနဲ့ကူညီဖို့ ချဉ်းကပ်မှုတွေဟာ လွယ်လွယ်နဲ့ထိခိုက်နိုင်တယ်ဆို ပြီး သတိပေးလိုက်ပါသေးတယ်။

ကောအဲန်ယူဟာ ကြာသပတေးနေ့က ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါသေးတယ်။ အဲဒီ ကြေညာချက်ထဲမှာ ကောအဲန်ယူနဲ့ မြန်မာအစိုးရ အဆက်ဆက်ဟာ ငြိမ်းချမ်းရေးအတွက် စေ့စပ်ဆွေး နွေးမှုတွေကို ပြုလုပ်ခဲ့ပေမဲ့လည်း မအောင်မြင်ခဲ့ဘူး လို့ ဆိုထားပါတယ်။ ဒီလိုမအောင်မြင်ရတဲ့အကြောင်း ရင်းဟာ အာဏာချုပ်ကိုင်ထားတဲ့ အစိုးရတွေဘက် က ရိုးသားမှုမရှိလို့ပဲလို့ ကောအဲန်ယူက ဖော်ပြ ထား ပါတယ်။

ဒီမတိုင်ခင်တုန်းက ထိုင်းဝန်ကြီးချုပ်မြန်မာ ပြည်သွားစဉ်က စစ်အာဏာပိုင်တွေက ကောအဲန်ယူ ကို ဖျောင်းဖျမှုတွေလုပ်ပေးပါဦးဆိုပြီး မေတ္တာရပ်ခံ ချက်ကို ထိုင်းဘက်က လက်ခံခဲ့တယ်လို့ သိရပါတယ်။ ထိုင်းဘက် ဒီကိစ္စနဲ့ပတ်သက်ပြီး ကောအဲန်ယူဘက်ကို ချဉ်းကပ်မှုတွေ လုပ်မလုပ်ဆိုတာ အတိအကျမသိရ သေးပေမဲ့ ဒေးဗစ်သာကပေါက စစ်အစိုးရအနေနဲ့ မြန်မာပြည်မှာဖြစ်ပွားနေတဲ့ ကိစ္စတွေ အဆုံးသတ် သွားစေဖို့တကယ့်ကို စစ်မှန်တဲ့စိတ်ရှိရင် ကောအဲန်ယူ ဟာ စစ်အစိုးရနဲ့ပဲ တိုက်ရိုက်ဆွေးနွေးမယ်ဆိုတဲ့ အကြောင်းနဲ့ ဆွေးနွေးဖို့လည်း အဆင်သင့်ရှိတယ် လို့ ဆိုပါတယ်။

ကောအဲန်ယူကြေညာချက်က စစ်အစိုးရဟာ ပြုပြင်ပြောင်းလဲမှုတွေမလုပ်လို့ကတော့ ၂၀၁၀ ရွေး ကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာလည်း လူ့အခွင့် အရေးချိုးဖောက်မှုတွေ၊ ပြည်သူတွေရဲ့ဒီမိုကရေစီ အခွင့်အရေးလည်း ချိုးဖောက်ခံနေရဦးမှာပဲလို့ ဆို ထားပါသေးတယ်။ အဲဒီလိုဆိုရင် ကောအဲန်ယူ ဟာ ဆက်လက် တော်လှန်နေဦးမှာဖြစ်ပြီး တိုင်းပြည်ဟာ လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တည်ငြိမ် တဲ့နိုင်ငံဖြစ်မှာမဟုတ်ဘူးလို့လည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

**မြန်မာ့အရေးကို မြောက်ကိုရီးယားလို ၆ နိုင်ငံဆွေးနွေးပွဲမျိုးဖြင့် ဖြေရှင်းမည်လော**
စာမျက်နှာ ၃

**ရွေးကောက်ပွဲဝင်ဘို့ လုပ်ငန်းရှင်တွေကို စစ်အစိုးရညွှန်ကြား**
စာမျက်နှာ ၇

**ခေတ်နှင့်မလျော်ညီတော့သည့် မတရားသင်းဥပဒေကို ဖျက်သိမ်းရန်လို**
စာမျက်နှာ ၁၂

**တကမ္ဘာလုံးစီးပွားပျက်ချိန် မြန်မာက စီးပွားရေးဖွံ့ဖြိုးဟု ဗိုလ်သိန်းစိန်က ညာပြော**
စာမျက်နှာ ၁၅

**ကရင်ခွဲထွက်အဖွဲ့အားလုံး လက်နက် မဖြုတ်ဘဲနယ်ခြားစောင့် တပ်ဖွဲ့ပေးမည်**

VOB

# အာဘော်

## ဓားခုတ်ရာလက်ဝင်လျှိုသောဂျပန်အစိုးရ

မြန်မာစစ်အာဏာပိုင်များက ၂၀၁၀ တွင် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲအဖြစ်ကျင်းပမည်ဟု အတိအလင်းထုတ်ဖော်ပြောထားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းက အဆိုပါရွေးကောက်ပွဲသည် အားလုံးပါဝင်သောရွေးကောက်ပွဲဖြစ်စေရန်လိုအပ်သည်ဟု စစ်အုပ်စုအား ပြောဆိုတိုက်တွန်းနေသည်။ ထိုတိုက်တွန်းချက်ကို စစ်အုပ်စုက အတိအလင်းတုန့်ပြန်မှုမပေးသေးပေ။

ထိုအတောအတွင်း ဂျပန်အစိုးရက မြန်မာအရာရှိ ၅ ဦးကို ဂျပန်သို့ဖိတ်ကြားကာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် လေ့လာမှုတွေပြုစေပြီး သင်တန်းပေးသည်ဟု သတင်းထွက်ပေါ်လာသည်။ ဤသတင်းက ဒီမိုကရေစီရေးလှုပ်ရှားသူတွေအတွက် တုန်လှုပ်စရာဖြစ်သည်။ အကြောင်းမှာ ဒီမိုကရေစီနိုင်ငံဟုဆိုသော ဂျပန်က စစ်တပ်က ဆက်လက်အာဏာချုပ်ကိုင်မှုကို တရားဝင်ဖြစ်စေမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အားပေးကူညီနေခြင်းကြောင့်ဖြစ်သည်။ ဂျပန်အစိုးရက လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲဖြစ်လာပါက မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အုတ်မြစ်ချနိုင်လိုက်ခြင်းဖြစ်သည်ဟု တွက်ဆကာ ထိုသို့ကူညီခြင်းဖြစ်ပုံရသည်။

ဤသို့တွေးတောကာလုပ်ဆောင်သည်ဆိုပါက ဂျပန်အစိုးရ၏ မြန်မာ့နိုင်ငံရေးသုံးသပ်ချက်သည် လွန်စွာမှပင် အဆင့်နိမ့်ပါးလှသည်ဟု ဆိုရမည်ဖြစ်သည်။ နအဖစစ်အာဏာရှင်များ၏ရည်မှန်းချက်နှင့်ခြေလှမ်းသည် မည်သည့်နေရာသို့ဦးတည်သွားနေသည်ကို ဂျပန်အစိုးရမတွက်ဆနိုင်သည့်သဘောဖြစ်နေသည်။ ယခုကဲ့သို့မှားယွင်းသည့်ဂျပန်၏လုပ်ရပ်ကို တိုကျိုရှိဒီမိုကရေစီအင်အားစုများက သတိပေးသည့်အနေဖြင့် ဂျပန်အစိုးရ၏လုပ်ရပ်ကို ရပ်တန့်ပစ်ရန်တောင်းဆိုခဲ့ကြသည်။ ဤသည်က မှန်ကန်သည့်လုပ်ရပ်ဖြစ်သည်။

သောင်မတင်ရေမကျဖြစ်နေသော မြန်မာ့နိုင်ငံရေးအခြေအနေကို ကျင်းပမည်ဆိုသောရွေးကောက်ပွဲက ဖယ်ရှားပေးနိုင်လိမ့်မည်ဟု ဂျပန်အစိုးရက မှတ်ယူထားပုံရသည်။ အပေါ်ယံအနေအားဖြင့်ကြည့်လျှင် မှန်ကန်ပေသည်။ သို့သော် မြန်မာ့အခြေအနေကို အလေးအနက်ထား ချိန်ထိုးစဉ်းစားလိုက်လျှင် ဂျပန်အစိုးရတွေးထင်သလိုဖြစ်လာမည်မဟုတ်ပေ။ ရွေးကောက်ပွဲကျင်းပဖြစ်ပြီး စစ်တပ်က မြန်မာနိုင်ငံကို ဆက်လက်အုပ်ချုပ်ပိုင်ခွင့်ကို အာမခံချက်ရသွားလျှင် မြန်မာနိုင်ငံကို စစ်တပ်အောက်ဆက်လက်ရှိနေစေရေးအတွက် ဂျပန်အစိုးရက တဘက်တလမ်းမှ ပါဝင်ကူညီခဲ့သည်ဆိုသည့်သမိုင်းမှတ်တမ်းတင်ခံရမည်ဖြစ်ပေသည်။

မြန်မာပြည်ကို စစ်တပ်ကအုပ်ချုပ်နေခြင်းအတွက် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ကျဆင်းနေချိန်တွင် ဂျပန်အစိုးရ၏ကူညီအားပေးမှုသည် ရေနစ်သည့်သူ ဝါးကူထိုးသည့်ပမာဖြစ်လာပေသည်။ စစ်မှန်သည့်ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းရေးအတွက် ကူညီအားပေးရမည့်အစား စစ်တပ်အုပ်ချုပ်သည့်ဒီမိုကရေစီအတုအယောင်ထွန်းကားရေးတွင် ဂျပန်က ကူညီအားပေးနေသည့်အတွက် ဓားခုတ်ရာလက်ဝင်လျှိုသော အဖြစ်မျိုးရောက်နေသည်ဟု သတိပေးရေးသားလိုက်ရပေသည်။

---

## လူ့အခွင့်အရေးကိုယ်စားလှယ်အား တာဝန်သက်တမ်း တနှစ်ထပ်တိုးပေး

**NEJ၊ ဧပြီ ၁ ။ ။** ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၁၀ ကြိမ်မြောက်ပုံမှန်အစည်းအဝေးပြီးဆုံးသွားပြီးနောက် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် ကင်တားနားအား တာဝန်သက်တမ်းတနှစ်တိုးပေးလိုက်သည်။

မြန်မာပြည်သူများ၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ စနစ်တကျချိုးဖောက်ခံနေရသည်ကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။ မြန်မာစစ်အစိုးရကိုလည်း အကြမ်းဖက်ဖမ်းဆီးမှုများ အမြန်ဆုံးရပ်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံးကိုလည်း ခြွင်းချက်မရှိလွှတ်ပေးရန် တိုက်တွန်းလိုက်သည်။

မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်သည့် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် တောမတ်စ်ကင်တားနား၏ အစီရင်ခံစာကို မတ်လ ၁၇ ရက်နေ့မနက်ပိုင်း၌ လူ့အခွင့်အရေးကောင်စီ၌ ဆွေးနွေးခဲ့ပြီးနောက် ကင်တားနားကိုယခုကဲ့သို့ မြန်မာနိုင်ငံအတွက်တနှစ်တိုးပြီး တာဝန်ပေးခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်ချထားသည့်ကိစ္စနှင့်ပတ်သက်ပြီး ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၈ ရက်က နေပြည်တော်သို့တင်ပြထားသည့် အမှုအခြေအနေနှင့်ပတ်သက်ပြီး စုံစမ်းခဲ့ကြောင်း ကင်တားနားကရှင်းပြပါသည်။ အမှုကိုလက်ခံရရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး တရားသူကြီးချုပ်နှင့်ပြည်ထဲရေးအား စုံစမ်းရန်ညွှန်ကြားထားကြောင်း ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ရှင်းပြခဲ့သည်ဟုဖော်ပြထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အမှုကို ဘက်လိုက်မှုမရှိဘဲ အမြန်ဆုံးပြန်သုံးသပ်ပေးရန် တောင်းဆိုခဲ့ကြောင်း ကင်တားနားကပြောပါတယ်။ ဆက်လက်ပြီး ၂၀၀၈ ခု၊ အောက်တိုဘာမှ ဒီဇင်ဘာအတွင်း ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ ၄၀၀ ကျော်ကို ထောင်ဒဏ် ၂၄ နှစ်မှ ၆၅ နှစ်အထိချမှတ်ခဲ့ကြောင်း ဆက်လက်ပြောပါတယ်။

မြန်မာနိုင်ငံကိုသွားရခြင်းရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိပြည်သူများ လူ့အခွင့်အရေးအခြေအနေတိုးတက်စေရန် စစ်အစိုးရနှင့်အပြုသဘောဆောင်သည့် ဆွေးနွေးမှုများလုပ်နိုင်ရန်ဖြစ်ကြောင်း ကင်တားနားကပြောပါတယ်။ ထို့ကြောင့် စစ်အစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လူ့အခွင့်အရေးဆိုင်ရာ အဓိကအချက် ၄ ချက်ကိုပြုပြင်ပေးရန် တောင်းဆိုခဲ့ကြောင်းဆက်လက်ပြောပါတယ်။

ကင်တားနားအစီရင်ခံစာနှင့်ပတ်သက်ပြီး သက်ဆိုင်သည့်မြန်မာနိုင်ငံကိုယ်စား သံအမတ်ကြီးဦးဝဏ္ဏမောင်လွင်က ဖြေရှင်းရာတွင် ၎င်းအစီရင်ခံစာ၌ အစိုးရလုပ်သည့် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအကြောင်းမဖော်ပြဘဲ ဘက်လိုက်မှုရှိနေကြောင်း၊ အစီရင်ခံစာပါစွဲချက်များတွင်လည်း မြန်မာစစ်အစိုးရအားဆန့်ကျင်နေသည့်သောင်းကျန်းသူ အကြွင်းအကျန်များ၊ အန်ဂျီအိုများလေသံနှင့် တထေရာတည်းဖြစ်နေကြောင်း၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူ ၂,၀၀၀ ကျော်ရှိသည်ဟုအစီရင်ခံစာတွင် မကြာခဏဖော်ပြနေသော်လည်း ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတဦးမျှမရှိကြောင်း ချေပပြောဆိုပါတယ်။

# မြန်မာ့အရေးကို မြောက်ကိုရီးယားလို ၆ နိုင်ငံဆွေးနွေးပွဲမျိုးဖြင့် ဖြေရှင်းမည်လော

**VOB ၊ ဧပြီ ၂။** ။ အခုတိုင်ဖြေရှင်းလို့ မပြေလည်သေးတဲ့ မြန်မာနိုင်ငံရေးပြဿနာကို မြောက်ကိုရီးယား ညျူကလီယားအရေး ၆ နိုင်ငံဆွေးနွေးပွဲလိုမျိုး မြန်မာ့ကိစ္စမှာ ကျင့်သုံးဖို့ အမေရိကန်ဟာ ကြိုးပမ်းမယ့်အရိပ်အယောင်မြင်တွေ့နေရပါတယ်။

အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျင်မ်စတိန်းဘာ့ဂ်က အာရှရေးရာ သုတေသီအဖွဲ့နဲ့ ဆွေးနွေးတဲ့အခါ မြန်မာ့အရေးကို စုပေါင်းညှိနှိုင်းကိုင်တွယ်လိုတဲ့ သဘောမျိုးကို ပြောဆိုခဲ့ပါတယ်၊ သူက အဖြေသုံးညထွက်တဲ့ နည်းလမ်းမျိုးကို ဘယ်နိုင်ငံကမှ စိတ်မဝင်စားဘူးဆိုတဲ့အကြောင်းနဲ့ အာဆီယံ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်တို့နဲ့ တူညီတဲ့အမြင်မျိုးရှိလာအောင် နည်းလမ်းရှာလိုတယ်လို့ ဆိုပါတယ်။

အမေရိကန်ဟာ မြောက်ကိုရီးယားလိုမျိုး ၆ နိုင်ငံပါဝင်တဲ့ ပြောင်းညွတ်လွယ်တဲ့လုပ်ငန်းဘောင်တခုချမှတ်နိုင်ဖို့ ကြိုးစားလိုတယ်ဆိုတယ်လို့ သိရပါတယ်။ ဒါပေမဲ့လည်း အကဲခတ်တချို့ကတော့ မြောက်ကိုရီးယားအရေးမှာ ၆ နိုင်ငံဆွေးနွေးပွဲကျင်းပပြီး ညျူကလီယားအရေးဖြေရှင်းဖို့လုပ်နေတာ အခုထိမအောင်မြင်သေးဘူးဆိုတာနဲ့ အခုဆိုရင် မြောက်ကိုရီးယားဟာ ၆ နိုင်ငံဆွေးနွေးပွဲကို အလုပ်မဖြစ်ဘူးဆိုပြီး ပစ်ပယ်ထားတဲ့အချိုးမျိုးကို ချိုးနေတယ်လို့ ထောက်ပြကြပါတယ်။

ဂျပန်မှာရှိတဲ့ Temple တက္ကသိုလ်က အာရှရေးရာဌာနရဲ့ ပါမောက္ခ တဦးဖြစ်တဲ့ Jeff Kingston က မြန်မာ့အရေးကို ဒီလိုနည်းနဲ့ဖြေရှင်းဖို့ဟာ ပြေလည်မယ်လို့ မထင်ဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ ဒီလိုလုပ်တဲ့အတွက် ကမ္ဘာက မြန်မာ့အရေးကို ပိုပြီးစိတ်ဝင်စားလာအောင်လုပ်နိုင်မယ်လို့ ဆိုပါတယ်။ သူက အမေရိကန်ရဲ့ အာရှနိုင်ငံတွေနဲ့ပေါင်းပြီး တူညီတဲ့ဗျူဟာတခုချမှတ်နိုင်ရေး လုပ်ဆောင်ဖို့ကြိုးစားတာတွေကိုတော့ အပြေကောင်းရမယ်လို့ မမြင်ပါဘူး။

ပြီးခဲ့တဲ့သီတင်းပတ်က အမေရိကန်နိုင်ငံခြားရေးဌာနအရာရှိတဦးဖြစ်တဲ့ စတီဖင်ဘလိတ် မြန်မာပြည်ကိုသွားခဲ့တဲ့အပေါ် အမေရိကန်ပေါ်လစီ ပြောင်းလဲတော့မှာလားဆိုတဲ့ စောကြောမှုတွေဟာ စိုးရိမ်ပူပန်စိတ်တွေနဲ့ပူးတွဲပေါ်ထွက်လာခဲ့ပါတယ်။ ဒါကလည်း နအဖက သူ့ထိန်းချုပ်ထားတဲ့သတင်းစာတွေထဲမှာ အမေရိကန်အရာရှိရဲ့မြန်မာပြည်ခရီးစဉ်နဲ့ပတ်သက်ပြီး အတိအလင်းဖော်ပြခဲ့တာကလည်း တိုက်ဆိုင်မှုလို့ဆိုရမှာလားမသိ ဖြစ်ခဲ့ကြပါတယ်။

အမေရိကန်ကလည်း မြန်မာ့အရေးကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ဖို့ ခိုင်ခိုင်မာမာဆုံးဖြတ်ထားပုံရပါတယ်။ ဒါကြောင့်လည်း အတိတ်က မအောင်မြင်ခဲ့တဲ့ချဉ်းကပ်ပုံတွေကို လေ့လာပြီး နည်းလမ်းသစ်နဲ့ချဉ်းကပ်ဖို့ကြိုးပမ်းရှာဖွေတာဖြစ်ပါတယ်။

---

## အာရှဒေသတွင်းလွတ်လပ်မှုနှင့်စီးပွားရေးတိုးတက်မှုတွင် မြန်မာပြည်နောက်ကျကျန်နေရစ်

**VOB ၊ မတ် ၃၁ ။ ။** ထိုင်းဝန်ကြီးချုပ် အဘီဆစ်ဝက်ဂျာရီဝါ က အာရှနိုင်ငံတွေဟာ လွတ်လပ်မှုနှင့် စီးပွားရေးတိုးတက်မှုမြေပုံတွင် တောက်ပစွာနဲ့ပါဝင်နေပေမဲ့လည်း မြန်မာနိုင်ငံကတော့ တိမ်မြုပ်ပျောက်ကွယ်နေတယ်လို့ ပြောဆိုလိုက်ပါတယ်။

ထိုင်းဝန်ကြီးချုပ်ဟာ အာရှလစ်ဘရယ်နှင့်ဒီမိုကရက်များကောင်စီ CALD နှစ်ပတ်လည်အစည်းအဝေးတွင် အခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။ သူက အာရှနိုင်ငံတွေမှာ ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်တွေတိုးကျယ်ပြန့်လာနေပေမဲ့လည်း မြန်မာနိုင်ငံအပါအဝင် တချို့နိုင်ငံတွေမှာတော့ ဘာမှမပြောင်းလဲသေးဘူးလို့ ပြောဆိုလိုက် ပါတယ်။ သူက ဒေါ်အောင်ဆန်းစုကြည်ဟာ ဖမ်းဆီးထိန်းသိမ်းခံနေရပေမဲ့လည်း သူမရဲ့ဩဇာအရှိန်အဝါဟာ တိုးတက်နေဆဲဖြစ်ပြီး CALD အဖွဲ့ဝင်တွေအပေါ် လွှမ်းမိုးလျက်ရှိပြီး မျှော်လင့်ချက်တွေလည်းဖြစ်ထွန်းစေတယ်လို့ ဆိုပါတယ်။

မြန်မာပြည်မှာ ဒီမိုကရေစီထွန်းကားရေးအတွက် ကြိုးပမ်းမှုတွေဟာ ဒေသတွင်းမှာ ဒီမိုကရေစီတိုးတက်ကျယ်ပြန့်လာစေဖို့ အဟန့်အတားဖြစ်စေတယ်လို့ ထိုင်းဝန်ကြီးချုပ်က ထောက်ပြပါတယ်။ ဒါကြောင့်လည်းသူက မြန်မာပြည်က ဖိနှိပ်တဲ့အစိုးရဟာ အာရှဒေသတွင်းမှာ လွတ်လပ်မှုတွေနဲ့ စီးပွားရေးတိုးတက်မှုတွေကို မေးမှိန်အောင်လုပ်ရာရောက်နေတယ်လို့ ဆိုတာပါ။

မစ္စတာအဘီဆစ်က အာရှနိုင်ငံအများအပြားဟာ တရားဥပဒေစိုးမိုးရေး၊ တရားသိတဲ့အစိုးရ၊ ထိုးဖောက်သိမြင်လွယ်တဲ့အစိုးရ၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေကျင်းပနိုင်တဲ့အခြေအနေတွေရှိလာအောင်ကြိုးပမ်းနေကြတယ်လို့ဆိုပါတယ်။ ဒီလိုကြိုးပမ်းမှုတွေက နိုင်ငံတွေကို စီးပွားရေးအရတိုးတက်လာစေနိုင်ပြီး၊ အစိုးရတွေကို အုပ်ချုပ်မှုပိုင်းအရ ကောင်းမွန်လာစေပါတယ်။

---

## မလေးရှားတွင် လက်ဘက်များကိုစစ်ဆေး

မြန်မာနိုင်ငံကထွက်တဲ့လက်ဘက်တွေမှာ ဆိုးဆေး အော်ရာမင်း0 ဆေးသုံးတဲ့အတွက် မလေးရှားမှာလည်း လက်ဘက်နဲ့ လက်ဘက်ထွက်ပစ္စည်းတွေကို တင်းကျပ်တဲ့စစ်ဆေးမှုတွေပြုလုပ်နေပြီလို့ သိရပါတယ်။

မလေးရှားရဲ့အခုလိုလုပ်ဆောင်ချက်ဟာ စက်ာပူမှာ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတွေက တင်းကျပ်တဲ့ကိုင်တွယ်မှုတွေလုပ်ခဲ့ပြီးတဲ့နောက် မလေးရှားက နမူနာကြည့်ကာ လုပ်ယူတာဖြစ်တယ်။ (BERNAMA, ,1.4.2009)

---

## နအဖလူမျိုးများအားရွေးကောက်ပွဲဆိုင်ရာသင်တန်းပေးသည့် ဂျပန်အစိုးရအားတိုကျိုဒီမိုကရေစီအင်အားစုများရှုတ်ချ

**VOB ၊ ဧပြီ ၂။** ။ ဂျပန်အစိုးရက မြန်မာပြည်ကနေ နအဖရဲ့အရာရှိ ၅ ဦးကို ဂျပန်ကိုဖိတ်ပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စတွေကိုလေ့လာသင်ကြားမှုတွေ ပေးတယ်ဆိုတဲ့သတင်းထွက်ပေါ်လာခဲ့ပြီးနောက် တိုကျိုမှာရှိတဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေက ဂျပန်အစိုးရရဲ့အခုလိုလုပ်ရပ်ကို ကန့်ကွက်ရှုတ်ချပွဲတခုကို ပြုလုပ်ခဲ့ပါတယ်။

မြန်မာ့ဒီမိုကရေစီအင်အားစုတချို့ဟာ ဂျပန်နိုင်ငံခြားရေးရုံးရှေ့မှာစုဝေးပြီး စစ်တပ်အာဏာချုပ်ကိုင်မှုကို သက်ဆိုးရှည်အောင်အာမခံချက်ပေးမယ့် ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် လေ့ကျင့်သင်ကြားပေးတဲ့ ဂျပန်အစိုးရရဲ့ရပ်တည်ချက်နဲ့ သဘောထားကို လွှန်စွာစိတ်ပျက်ခဲ့ကြပါတယ်။ ဒါကြောင့်လည်း အခုလိုဝိုင်းဝန်းကန့်ကွက်ကြတာပါ။

ဆန္ဒပြသူတွေက ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံနေတာ ရပ်တန့်ပါ ဆိုပြီး ဟစ်အော်ကြွေးကြော်ခဲ့ကြပါတယ်။

ဂျပန်အစိုးရရဲ့အခုလိုလုပ်ရပ်က မြန်မာနိုင်ငံမှာ စစ်တပ်ကအုပ်ချုပ်မှုကို ဆက်လက်တည်တံ့အောင်လုပ်ပေးနေတာနဲ့အတူတူပဲ၊ ၂၀၁၀ မှာ ကျင်းပမယ်ဆိုတဲ့ရွေးကောက်ပွဲဟာ ၂၀၀၈ အခြေခံဥပဒေကို အကောင်အထည်ဖော်ဖို့ဖြစ်တယ်၊ ဒီအခြေခံဥပဒေမှာက စစ်တပ်ကို နိုင်ငံရေးဦးဆောင်မှုပေးထားတယ်။ ဒီတော့ ကျနော်တို့နိုင်ငံဟာ စစ်တပ်အောက်မှာပဲ တသက်လုံးနေသွားရမယ့်ကိန်းဆိုက်နေပြီ၊ ဒါကို ဂျပန်က မသိနားမလည်ပဲနဲ့ ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက် အကူအညီတွေပေးနေတာဟာ အနာဂတ်မြန်မာနိုင်ငံမှာ ဒုက္ခတွေ့ရင်ဆိုင်ရအောင်၊ မြန်မာလူထုကို စစ်ဘိနပ်အောက်မှာဆက်ပြီးနေရအောင်လုပ်နေတာတဲ့အတူတူပဲ လို့ ဆန္ဒပြသူတဦးက ပြောဆိုပါတယ်။

# G 20 နိုင်ငံ ၂၀ ထိပ်သီးညီလာခံ

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်

G 20 ခေါ် နိုင်ငံ ၂၀ အုပ်စုရဲ့ လန်ဒန်ထိပ်သီးညီလာခံကြီး လွန်ခဲ့တဲ့ကြာသပတေးနေ့က ပြီးဆုံးသွားပါပြီ၊ ကမ္ဘာ့စီးပွားရေးကျဆင်းလာတာကိုဟန့်တားဖို့ ဒေါ်လာ သန်းပေါင်း တသန်းကျော် ရင်းနှီးမယ်လို့ ညီလာခံမှာ ကတိပြုကြတယ်၊ ဘဏ်လုပ်ငန်းပြုပြင်ရေးနဲ့ နောင်မှာ ဒီလိုမဖြစ်အောင် ဟန့်တားဖို့ကိုလည်း သဘောတူကြတယ်။

တကယ်တော့ ထိပ်တန်းအရာထမ်းတွေ သုံးလလောက်စေ့စပ်ဆွေးနွေးခဲ့တဲ့ကိစ္စကို တရက်ညီလာခံမှာ သဘောတူကြတာပါပဲ။ ဒေါ်လာသန်းပေါင်း တသန်းကျော်ထဲမှာ အများဆုံးကို IMF အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့က ရမှာပါ။ တိုးတက်ဖွံ့ဖြိုးစနိုင်ငံတွေကို ကူညီထောက်ပံ့ဖို့ ဒေါ်လာသန်းပေါင်း တသိန်းသတ်မှတ်တာဟာ မျှော်လင့်တာထက်များတယ်လို့ မြင်ကြပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်လို အဖွဲ့အစည်းတွေကတဆင့် ကူညီထောက်ပံ့မှာဖြစ်ပါတယ်။

ဒါပေမဲ့ ဖွံ့ဖြိုးစနိုင်ငံတွေဆပ်စရာအကြွေးကတင် ဒေါ်လာသန်းပေါင်း တသန်းကျော်နေပြီလို့ တချို့က ခန့်မှန်းပါတယ်၊ ဒီနိုင်ငံတွေဟာ ချမ်းသာတဲ့နိုင်ငံတွေလို ငွေကို လှည့်သုံးနိုင်တဲ့အနေအထားမရှိပါဘူး၊ ဒါပေမဲ့ ကမ္ဘာ့စီးပွားရေးနာလန်ထတာနဲ့ ဖွံ့ဖြိုးစနိုင်ငံက စားသုံးသူတွေဟာ ချက်ချင်းအကျိုးခံစားရမှာယ်ရှိတယ်လို့ သုံးသပ်ကြပါတယ်။ အကြောင်းကတော့ ဥရောပနဲ့ အမေရိကန်က စားသုံးသူတွေလို အကြွေးမထူလို့ဖြစ်ပါတယ်တဲ့။

ကမ္ဘာ့စီးပွားရေးအခြေအနေ ဆက်လက်ကျဆင်းနေသလား၊ တည်ငြိမ်သွားပြီလား၊ စတာတွေကို ခန့်မှန်းရတာ အလွန်ခက်ပါတယ်၊ IMF၊ ကမ္ဘာ့ဘဏ်နဲ့ OECD စီးပွားရေးနဲ့ဖွံ့ဖြိုးရေးစတဲ့အဖွဲ့အစည်းတွေက ခန့်မှန်းချက်ထုတ်လေ့ရှိပေမဲ့ တဦးနဲ့တဦး ကွဲပြားခြားနားတာတွေ ရှိနေပါတယ်၊ ထိပ်သီးညီလာခံက မျှော်လင့်သလိုဖြစ်မယ်ဆိုတာ ဘယ်သူကမှ အသေအချာပြောနိုင်တာမဟုတ်ပါဘူး။

နိုင်ငံ၂၀ က ခေါင်းဆောင်တွေတက်ရောက်လို့ ၂၀ အုပ်စု G 20 လို့ခေါ်ပေမဲ့ ခေါင်းဆောင် ၃၀ နီးပါး ညီလာခံတက်ကြတယ်။ စီးပွားရေးအင်အားကြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်၊ အင်္ဂလိပ်၊ ဂျာမဏီ ပြင်သစ်၊ ဂျပန်တို့ဟာ ၅ နိုင်ငံအုပ်စု G 5 ကို လွန်ခဲ့တဲ့ အနှစ် ၃၀ က နှစ်စဉ်ကျင်းပခဲ့ပါတယ်၊ အင်္ဂလိပ်အက္ခရာ G ဟာ Group ကို ရည်ညွှန်းတဲ့အတွက် အုပ်စုလို့ အဓိပ္ပာယ်ရပါတယ်။ ကနေဒါနဲ့ အီတလီဝင်လာတဲ့အခါမှာတော့ ၇ နိုင်ငံအုပ်စု G 7 ဖြစ်လာတယ်၊ ရုရှားဝင်လာတော့ ၈ နိုင်ငံ အုပ်စုဖြစ်သွားပြန်ပါတယ်၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား စတဲ့ဖွံ့ဖြိုးစနိုင်ငံ ၁၂ နိုင်ငံကို ထပ်ထည့်လိုက်လို့ နိုင်ငံ ၂၀ အုပ်စုဖြစ်သွားတာပါ။ စီးပွားရေးထိပ်သီးညီလာခံတက်တဲ့နိုင်ငံတွေများလာတာကိုကြည့်ရင် အကျပ်အတည်းရဲ့အတိုင်းအတာကို သိနိုင်တယ်။

ဒေါ်လာငွေအမြောက်အမြားလက်ကိုင်ထားတဲ့ တရုတ်နဲ့ ဆော်ဒီအာရေးဗီးယား၊ ကြီးထွားလာနေတဲ့ ဘရာဇီးလ်၊ ချမ်းသာလာတဲ့တောင်ကိုရီးယားဟာ အရေးကြီးတဲ့အခန်းကပါဝင်တယ်။ တရုတ်စီးပွားရေးဟာ ကမ္ဘာနဲ့ဆက်နေတာမို့ ကမ္ဘာ့စီးပွားရေးနာလန်ထဖို့ တရုတ်အတွက် အလွန်အရေးကြီးတယ်၊ တရုတ်စီးပွားရေးပျက်ရင် ကွန်မြူနစ်ပါတီ အာဏာမြဲဖို့ကိုတောင် အခက်အခဲရှိနိုင်တယ်လို့ မြင်ကြပါတယ်။

တရုတ်ရပ်တည်ချက်ကို မတ်လ ၂၇ ရက်နေ့ထုတ် London Times သတင်းစာမှာ ဒုဝန်ကြီးချုပ် ဝမ်ချီရှန်ရဲ့ဆောင်းပါးနဲ့ ဖော်ပြထားတယ်။ မနှစ်ကကျင်းပတဲ့နိုင်ငံ ၂၀ အုပ်စုညီလာခံကစပြီး တရုတ်အစိုးရဟာ ဒေါ်လာသန်းပေါင်းထောင်သောင်းချီစိုက်ထုတ်ပြီး တာဝန်သိစွာနဲ့ ကမ္ဘာ့စီးပွားရေးကို ကျားကန်ပေးပံ့တွေကို ဖော်ပြထားတာပဲဖြစ်တယ်။ ကမ္ဘာ့စီးပွားရေးကျဆင်းတာဟာ တရုတ်အစိုးရအတွက် သေရေး ရှင်ရေးပြဿနာပဲ။

ခေါင်းဆောင်တွေ ထောက်ခံအားပေးတဲ့ လွတ်လပ်စွာအကောက်ခွန်မဲ့ကုန်သွယ်ရေးဟာ အပြောလွယ်ပြီး အကောင်အထည်ဖော်ရခက်တယ်၊ နိုင်ငံ ၂၀ အုပ်စုထဲမှာ ၁၇ နိုင်ငံဟာ နိုင်ငံခြားကုန်သွယ်မှု သို့မဟုတ် သွင်းကုန်ကို တနည်းမဟုတ်တနည်းနဲ့ ကန့်သတ်ချုပ်ချယ်တယ်လို့ သိရပါတယ်။

ကမ္ဘာ့ကုန်သွယ်ရေး ပြန်လည်ရှင်သန်တိုးတက်ရေးဟာ အရေးကြီးတယ်လို့ ခေါင်းဆောင်တွေကပြောနေပေမဲ့ တဘက်ကလည်း ပြည်တွင်းဖြစ်ကို ဝယ်ကြဖို့ကို ပြောနေတာဟာ နိုင်ငံခြားပစ္စည်းကို ဟန့်တားသလိုဖြစ်နေတယ်။ ကမ္ဘာ့စီးပွားရေး ကျဆင်းနေသရွေ့ အစိုးရတွေဟာ ပြည်တွင်းဖြစ်ကို အားပေးတဲ့ဘက်ကိုသာ တဖြည်းဖြည်းရောက်သွားဖို့များတယ်တဲ့၊ ပြည်တွင်းဖြစ်ကိုအားပေးပြီး နိုင်ငံခြားပစ္စည်းကို ဟန့်တားတာဟာ ကမ္ဘာ့ကုန်သွယ်ရေးပြန်လည်ရှင်သန်ရေးကို ထိခိုက်စေတယ်။

ရေရှည်အကျိုးသက်ရောက်မှုကို မကြည့်ပဲ ရေတိုအကျိုးစီးပွားမြှင့်တင်ဖို့ကိုသာကြည့်ပြီး အခွန်တိုးမြှင့်နေကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်ရဲ့ ၄၇ မျက်နှာ အစီရင်ခံစာမှာ ဖော်ပြထားတယ်။ အမေရိကန်ကစပြီး နိုင်ငံခြားကလာတဲ့သွင်းကုန်အပေါ်မှာ အကောက်ခွန်တိုးယူနေတာဖြစ်ပါတယ်တဲ့၊ ကုန်သွယ်ရေးသဘောတူညီချက်ကို မဖောက်ဖျက်ပဲ အခွန်တိုးမြှင့်တဲ့နည်းလမ်းတွေအများကြီးရှိပါတယ်။ သွင်းကုန်လိုင်စင်ရဖို့ ခက်ခဲအောင်လုပ်နိုင်တယ်၊ တမင်စျေးချထားတယ်လို့ အကြောင်းပြပြီး အကောက်ခွန်တိုးမြှင့်တာမျိုးလည်း ရှိပါတယ်တဲ့။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးမှာ မမျှမတဖြစ်နေတဲ့ပြဿနာကိုတော့ လန်ဒန်ထိပ်သီးညီလာခံမှာ မဆွေးနွေးပါဘူး။

စီးပွားရေးထိပ်သီးညီလာခံတွေနဲ့အတူ ကန့်ကွက်ဆန္ဒပြပွဲတွေလည်း ခေတ်စားလာတယ်၊ ခံယူချက်အမျိုးမျိုးရှိတဲ့သူတွေပါဝင်တဲ့ဆန္ဒပြပွဲပါပဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုသူတွေက ကုမ္ပဏီကြီးတွေရဲ့ စီးပွားရေးသောင်းကျန်းမှုကို ဆန့်ကျင်ပြီးဆန္ဒပြတယ်၊ လက်ဝဲဝါဒီတွေကတော့ အရင်းရှင်ဆန့်ကျင်ဖို့ ဆန္ဒပြတာပဲ၊ ပြုပြင်ရေးသမားတွေကလည်း အရင်းရှင်လုပ်ငန်းကြီးတွေရဲ့လုပ်ပိုင်ခွင့်ကို ကန့်သတ်ဖို့တောင်းဆိုရင်း ဆန္ဒပြကန့်ကွက်ကြတယ်။ ဒီလိုလူတန်းစားတွေ ငြိမ်းချမ်းစွာဆန္ဒပြတဲ့အထဲ ဝင်ရောပြီးအကြမ်းဖက်တဲ့သူတွေက Skin Head လို့ခေါ်တဲ့ လမ်းသူရဲတွေပါပဲ၊ ဒီလမ်းသူရဲတွေကို ဆန္ဒပြပွဲတိုင်းမှာတွေ့နိုင်တယ်။ ထင်ရာမြင်ရာပြောပြီး ထင်သလိုလုပ်တဲ့သူတွေပါပဲ။

ဗမာစစ်ဗိုလ်အရင်းရှင်တွေအပေါ် ဘယ်လိုအကျိုးသက်ရောက်နိုင်တယ်ဆိုတာ ခန့်မှန်းရခက်တယ်။ အကြောင်းကတော့ ဗမာဗိုလ်ချုပ်တွေဟာ နိုင်ငံခြားအရင်းရှင်နဲ့ ဒေသခံအရင်းရှင်တွေကိုကပ်ပြီး သွေးစုပ်နေတဲ့ လက်ဝေခံအရင်းရှင်ဖြစ်နေလို့ပါပဲ။ ကိုလိုနီခေတ်က ဒီလိုပြည်တွင်းနဲ့ ပြည်ပလုပ်ငန်းအကြား ပွဲစားလုပ်ပြီး စီးပွားရှာသူကို Compradore လို့ခေါ်တယ်၊ နိုင်ငံခြားနဲ့ ဒေသခံအရင်းရှင်တွေအကြား နှစ်ဘက်စလုံးကိုကပ်ပြီး ဂျပိုးလိုသွေးစုပ်တဲ့ ဂျပိုးအရင်းရှင်တမျိုးပါ။ ဒါကို ဗမာကွန်မြူနစ်ဆရာကြီးတွေက လက်ဝေခံအရင်းရှင်လို့ အမည်ပေးတယ်။ ကမ္ဘာ့စီးပွားရေးအဖျားအနားမှာ ကွန်ပရာဒို အဆင့်ကပါဝင်နေသူဟာ တိုင်းပြည်စီးပွားရေးတိုးတက်ဖွံ့ဖြိုးအောင် လုပ်နိုင်တဲ့အဆင့်မှာမရှိပါ။

# ကမ္ဘာ့သြဇာအကြီးဆုံးပုဂ္ဂိုလ်ဆန္ဒမဲပေးရွေးချယ် ဒေါ်စု ၂၅ နေရာတွင်ရောက်ရှိ

**Irrawaddy၊ မတ်လ ၃၁။** ။ ကမ္ဘာကျော် Time မဂ္ဂဇင်းကြီး၏ အင်တာနက်စာမျက်နှာတွင် ယခုနှစ်အတွက်ကမ္ဘာ့သြဇာအကြီးဆုံးပုဂ္ဂိုလ် ၁၀၀ ကို ဆန္ဒမဲပေးရွေးချယ်မှုပြုလုပ်လျှက်ရှိရာ ဒေါ်အောင်ဆန်းစုကြည်က ၂၅ နေရာတွင်ရောက်ရှိနေသည်ဟုသိရပါသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယခုသတင်းရေးနေသည့်အချိန်တွင် ဆန္ဒမဲပေါင်း သုံးသိန်းသုံးထောင်ကျော် ရရှိနေသည်။ မဲပေါင်း သုံးသိန်းသုံးသောင်းကျော် ရရှိသည့် အမေရိကန်သမ္မတဘားရက်အိုဘားမား နံပါတ် ၁၆ နှင့် များစွာဝေးကွာခြင်းမရှိဘဲ မလေးရှားနိုင်ငံအတိုက်အခံခေါင်းဆောင် အန်နဝါအီဘရာဟင် နံပါတ် ၂၆ ထက် အနည်းငယ်အသာရနေသည်။

တခြားသြဇာရှိအမျိုးသမီးများအဖြစ် အမေရိကန်ပြည်ထောင်စုမှ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ နံပါတ် ၂၇၊ နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန် နံပါတ် ၃၆ တို့ကို ကမ္ဘာတလွှားမှစာဖတ်သူများက ရွေးချယ်ထားကြောင်းတွေ့ရသည်။ "၂၀၀၇ ခုနှစ်၊ စစ်အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် ယခင်ကထက်ထောက်ခံမှုပိုမိုရရှိခဲ့သည်" ဟု Time မဂ္ဂဇင်းကဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ဖော်ပြရာတွင် "ထင်ရှားသည့်မြန်မာ့ဒီမိုကရေစီအရေးဆောင်ရွက်နေသူဖြစ်သည်။ သူ၏ဦးဆောင်လှုပ်ရှားမှုများကြောင့် ပြီးခဲ့သည့်အနှစ် ၂၀ အတွင်း အများအားဖြင့်အကျယ်ချုပ်ချခံနေရသည်။ နိုင်ငံအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူပေးရန် ကုလသမဂ္ဂကိုတိုက်တွန်းအားပေးလျှက်ရှိသည်" ဟုဆိုပါသည်။

၂၀၀၄ ခုနှစ်တွင် Time မဂ္ဂဇင်းက အင်တာနက်မှတဆင့် အာရှသူရဲကောင်းအဖြစ်ရွေးချယ်သည့် သဘောထားကောက်ယူမှုတခုပြုလုပ်ရာ စာဖတ်ပရိသတ် ၄၀.၄ ရာခိုင်နှုန်းက ဒေါ်အောင်ဆန်းစုကြည်ကိုရွေးချယ်ခဲ့ကြသည်။ လူမှုဆက်သွယ်ရေးအင်တာနက်ဘလော့ဂ်များတွင်လည်း ဒေါ်အောင်ဆန်းစုကြည်၏ပရိသတ်အများအပြားကို တွေ့နိုင်ပါသည်။ ကမ္ဘာကျော် Facebook အင်တာနက်စာမျက်နှာတွင် အသင်းဝင်သုံးသောင်းကျော်မှာ ဒေါ်အောင်ဆန်းစုကြည်အားထောက်ခံသူများဖြစ်ကြောင်း ဖော်ပြထားကြသည်။

"မိတ်ဆွေသစ်တွေရဘို့ ဒေါ်အောင်ဆန်းစုကြည်နဲ့မြန်မာပြည်အခြေအနေတွေကို လူအများကြီးသိအောင်လုပ်ဘို့ဆိုရင် Facebook ကနေလုပ်ဆောင်သွားရင်အင်မတန်ကောင်းပါတယ်" ဟု မြန်မာပြည်အရေးဆောင်ရွက်နေသူ ဗိုယာဖန်းက ယခုလဆန်းပိုင်းထုတ်ကြေညာချက်တစောင်တွင်ပြောကြားလိုက်ပါသည်။

"ကမ္ဘာကဒေါ်အောင်ဆန်းစုကြည်ကိုမေ့သွားအောင်လို့ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းထားတာဖြစ်ပါတယ်။ သူတို့လုပ်ရပ်တွေမအောင်မြင်ဘူးဆိုတာ အင်တာနက်စာမျက်နှာတွေကတဆင့် လုပ်နိုင်ပါတယ်" ဟု သူက ဆိုသည်။

---

# ဘင်္ဂလားဒေ့ရှ်တွင်ဒုက္ခသည်များ အစာတော်ခံ ဆန္ဒပြ

**DVB၊ ဧပြီလ ၂။** ။ မိသားစုထောက်ပံ့ကြေးစရိတ်နဲ့ ကလေးတွေ ပညာ သင်စရိတ်၊ ကျန်းမာရေးစရိတ်ပါ ဖြတ်တောက်ခံရတဲ့အတွက် မြန်မာဒုက္ခသည် မိသားစုတစု အစာတော်ခံဆန္ဒပြခဲ့ပါတယ်။

ဘင်္ဂလားဒေ့နိုင်ငံ ဒါကာမြို့ရှိ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး UNHCR ရုံးရှေ့မှာ ပြီးခဲ့တဲ့ မတ်လ ၃၀ နဲ့ ၃၁ ရက်နေ့က အစာတော်ခံဆန္ဒပြတာဖြစ်ပါတယ်။ ဆန္ဒပြသူတွေက ဒါကာမြို့မှာနေထိုင်တဲ့ မြန်မာဒုက္ခသည် ဦးအောင်အောင်နဲ့ ဒေါ်တင်တင်ဝင်းတို့ မိသားစုဖြစ်ပြီး သူတို့မှာ သားသမီး ၄ ယောက်ရှိပြီး အငယ်ဆုံးကလေးငယ်ဟာ အသက် ၂ နှစ်ပဲရှိသေးတယ်လို့ ဆန္ဒပြသူ ဒေါ်တင်တင်ဝင်းက ပြောပါတယ်။ မိသားစုထောက်ပံ့ကြေး၊ ကလေးတွေပညာသင်စရိတ်နဲ့ ကျန်းမာရေးစရိတ်တွေကအစ ပိတ်ထားတဲ့အတွက် ကြုံရတဲ့အခက်အခဲပေါင်းစုံကို UNHCR ကိုယ်စားလှယ်ကို စာရေးပေမဲ့ ဘာမှမတုံ့ပြန်တဲ့အပြင် ဗီဇာကာကွယ်ရေးကလည်း အမျိုးမျိုး ခြိမ်းခြောက်တယ်လို့ ဒေါ်တင်တင်ဝင်းက ပြောပါတယ်။

"ကျမတို့ ပြန်လည်နေရာချထားရေးနဲ့ ပတ်သက်ပြီး လျှောက်ထားတာ တနှစ်ကျော်သွားပြီ ဘာတခုမှလည်း အဖြေမပေးဘူး။ အဲဒီ ၃ ခုနဲ့ ကျမတို့ သွားပြီး ဆန္ဒပြတာ။ အခက်အခဲနဲ့ကြုံတွေ့ရတယ်ဆိုတာက ကျမတို့ တလကို ကုန်ကျငွေ ၃ သောင်းကျော်ရှိတယ်၊ သူတို့က ဒီထောက်ပံ့ကြေးတွေကို ဖြတ်လိုက်ပြီဆိုတော့ ကျမတို့နေရေးစားရေး အခက်အခဲပေါင်းစုံနဲ့ ကြုံရတာပေါ့လေ။ ဒီတော့ ဒီနေရာမှာ အစာတော်ခံဆန္ဒပြသွားမယ်ဆိုပြီး ဆန္ဒပြခဲ့တာပဲ။"

သူတို့မိသားစု တလတာကုန်ကျစရိတ်က တာကာငွေ ၃ သောင်းကျော်ဖြစ်ပေမယ့် နှစ်ရက်ဆက်တိုက် အစာတော်ခံဆန္ဒပြတာကြောင့် UNHCR ရုံးက တလကို တာကာငွေ ၉ ထောင်၊ သုံးလ ဆက်ထောက်ပံ့ဖို့ ခံဝန်ကတိပေးခဲ့တယ်လို့ ဒေါ်တင်တင်ဝင်းက ပြောပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၂၅ ရက်နေ့မှာ ဒါကာမြို့ရှိ UNHCR ရုံးက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဒုက္ခသည်တွေကို ထောက်ပံ့ကြေးစရိတ်ငွေ ဖြတ်တောက်ဖို့ တရားဝင်ကြေညာလိုက်တာကစပြီး ဒီလိုကိစ္စမျိုးဖြစ်လာတာ ဖြစ်ပါတယ်။ ဦးအောင်အောင်မိသားစုဟာ စစ်တွေမြို့ကနေပြီး ၂၀၀၄ ခုနှစ်ကတည်းက တာကာမြို့မှာ ဒုက္ခသည်အဖြစ် ခိုလှုံနေထိုင်ခဲ့တာဖြစ်ပါတယ်။

# နိုင်ငံရေးအကျဉ်းသားလွှတ်ရေး ဖိလစ်ပိုင်တိုက်တွန်း

**RFA၊ ဧပြီလ ၂။** ။ အာဆီယံအဖွဲ့မှာအသစ်ဖွဲ့စည်းလိုက်တဲ့ လူ့အခွင့်အရေးကောင်စီအနေနဲ့ သိက္ခာရှိရှိလုပ်ဆောင်နေတာပေါ်လွင်စေဘို့နဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေလုပ်နေတယ်ဆိုတာပြသဘို့အတွက် ထိန်းသိမ်းထားတဲ့နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးသင့်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Romulo က ဧပြီလ ၂ ရက်နေ့မှာပြောဆိုလိုက်ပါတယ်။

ပြီးခဲ့တဲ့အောက်တိုဘာလက အသစ်ရေးဆွဲအတည်ပြုလိုက်တဲ့ အာဆီယံချာတာအရ လူ့အခွင့်အရေးကောင်စီတခုပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမယ့် အဖွဲ့ဝင်နိုင်ငံတွေမှာ လူ့အခွင့်အရေးချိုးဖောက်နေတာနဲ့ပတ်သက်ပြီး စုံစမ်းခွင့်၊ အပြစ်ပေးခွင့် အာဏာမရှိခဲ့ပါဘူး။ ဒါကြောင့် လူ့အခွင့်အရေးအဖွဲ့တွေက အာဆီယံ လူ့အခွင့်အရေးကောင်စီဟာ အခွံသက်သက်ဖြစ်တယ်လို့ ဝေဖန်နေခဲ့ကြတာပါ။

ဒီကနေ့ထုတ်ပြန်လိုက်တဲ့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးပြောကြားချက်နဲ့ပတ်သက်လို့ ဖိလစ်ပိုင်နိုင်ငံကလွှတ်တော်အမတ် မစ္စတာ ပင်မင်တယ်လ်က အာဆီယံချာတာမှာ မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးခဲ့ချိန်က အားလုံးက လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့အခြေခံတွေကို လိုက်နာမယ်ဆိုပြီးထင်ခဲ့ကြတာပါလို့ RFA ကိုပြောပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းနိုင်ငံတခုအနေနဲ့ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအချက်တွေကိုလိုက်နာလိမ့်မယ်လို့ ယူဆခဲ့ကြပါတယ်။ ဒါပေမယ့် ဘာတခုမှလိုက်နာခဲ့ခြင်းမရှိဘူးလို့ ပြောဆိုသွားတာပါ။ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးကလည်း အာဆီယံအနေနဲ့ လူတွေရဲ့ အခြေခံလွတ်လပ်ခွင့်ဖြစ်တဲ့ လူ့အခွင့်အရေးပြဿနာတွေကိုဘယ်လိုအကာအကွယ်ပေးမယ်ဆိုတာ ဝိုင်းဝန်းစဉ်းစားသင့်တဲ့အကြောင်း မြန်မာနိုင်ငံကလူ့အခွင့်အရေးအခြေအနေတွေကို သတိပြုမိအောင်အချက်ပြလိုက်တာဖြစ်တယ်လို့ သိရပါတယ်။

ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေနဲ့ အာဆီယံမိသားစုဝင်ဖြစ်လာတဲ့ ၁၉၉၇ ခုနှစ်ကတည်းက နိုင်ငံတွင်းအမျိုးသားရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေလုပ်မယ်ဆိုတာ ဝန်ခံထားပြီးဖြစ်တယ်ဆိုတာကိုလည်း ထည့်သွင်းပြောဆိုသွားပါတယ်။

# ဒီမိုကရေစီ၏အခြေခံများ

**ကျော်ကျော်စိုး**

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးက မြန်မာပြည်သူလူထုအား နိုင်ငံရေးအသိအမြင်နှင့်မျက်စိကို ဖွင့်ပေးခဲ့သည်။ လွတ်လပ်ခွင့်၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ နိုင်ငံရေး ဆိုသည့် အဓိပ္ပာယ်၊ သဘောသဘာဝ စသည်တို့ကို ပြည်သူအများ အထူးသဖြင့် ငယ်ရွယ်သူများ ထိတွေ့ခွင့်ရခဲ့သည်။

အချို့လည်း ဂဃဏန နားလည်ကြသည်။ အချို့ လည်းတီးမိခေါက်မိ လာကြသည်။ အချို့မှာမူ မည်ကာမတ္တမျှသာသိကြသည်။ စိတ်ပါဝင်စားမှု၊ သိရှိနားလည်လိုမှု အတိုင်းအတာ အနည်းအများပေါ်မူတည်၍ ကွဲပြားကြခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ် ၂၀ ကထက်စာလျှင် မြန်မာပြည်သူလူထု၏နိုင်ငံရေး အသိနှင့် နိုးကြားမှုသည် သိသိသာသာတိုးတက်လာသည်မှာ မည်သူမျှစောဒက တက်၍မရသည့်အချက်ဖြစ်သည်။ သို့သော်လည်း မြန်မာ့အရေးတွင် စိတ်အားတက်ကြွစွာ ဖြင့်ပါဝင်လှုပ်ရှားနေသူများအကြား ဒီမိုကရေစီ၏အခြေခံ၊ သဘောသဘာဝနှင့်ကျင့်စဉ်များ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသဘောပေါက်နားလည်ခြင်းမရှိသူ အတော်များများ ရှိသေးသည်ကို မြင်တွေ့နေရသည်။

"ဒီမိုကရေစီ" ဟူသောစကားရပ်သည် ယနေ့ကမ္ဘာကြီး၌ တွင်ကျယ်နေပြီဖြစ်သဖြင့် ဒီမိုကရေစီနှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြခြင်းသည် လွန်စွာအရေးပါသောကိစ္စတရပ်ဖြစ်သည်။

နောက်ပိုင်းတွင် အပိုင်းလိုက်ဖော်ပြမည့် အကြောင်းအချက်များသည် ဒီမိုကရေစီနှင့်ပတ်သက်၍ ခြုံငုံရှုမြင်နိုင်မည်ဖြစ်သည့်အပြင် ဒီမိုကရက်တစ်အစိုးရတရပ်၏အစိတ်အပိုင်းများ မည်သို့ရှိသည်ဆိုသည့်အချက်များမှသည် လူတဦးချင်းစီနှင့်သက်ဆိုင်သည့်အကြောင်းအချက်များအထိ သိရှိနိုင်မည်ဖြစ်သည်။

အပိုင်းလိုက်ဖော်ပြထားချက်များသည် အဓိကကျ သည့်အတွေးအခေါ် ပညာရှင်များ၏ စဉ်းစားတွေးခေါ်မှုများကို ရောင်ပြန်ဟပ်နေသည်သာမက ဒီမိုကရက်တစ်အစိုးရစနစ်များအောက်တွင် တိုးတက်သာယာနေသည့် များပြားလှစွာသော လွတ်လပ်သည့်လူ့အဖွဲ့အစည်းများ၏ လက်တွေ့ကျင့်သုံးမှုများ ကိုပါ ရောင်ပြန်ဟပ်နေပေသည်။

နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဘဝများကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်။ <u>ဒီမိုကရေစီသည် အခြေခံမူများတွင် တည်မှီသည်၊ ကျင့်သုံးမှုတူညီရမည် ဆိုသည့် အပေါ် မတည်မှီပေ။</u>

ဒီမိုကရေစီတွင် ပြည်သူပြည်သားများသည် အခွင့် အရေးများရှိရုံမက တာဝန်များလည်းရှိပေသည်။ နိုင်ငံရေးစနစ်တွင် ပါဝင်လှုပ်ရှားရန်တာဝန်ရှိ သကဲ့သို့ ၄င်းတို့၏ကိုယ်ပိုင်အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကိုလည်း ကာကွယ်ရန် တာဝန်ရှိပေ သည်။

ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းများသည် သည်းခံမှု၊ ပူးပေါင်းပါဝင်မှု နှင့် အပြန်အလှန်အပေးအယူအလျှော့အတင်းလုပ်နိုင်မှုတို့ကို တန်ဖိုးထားလုပ်ဆောင်သည်။ အပြန်အလှန် အပေးအယူလုပ်မှုများဖြင့် သဘောတူညီချက်ရရှိမှုကို ဒီမိုကရေစီက အသိအမှတ်ပြုသည်။

သို့သော်လည်း၎င်းအချက်သည် အမြဲတမ်းမရရှိပေ။ မဟာတ္တမဂန္ဒီ၏စကားဖြင့်ဆိုရလျှင် သည်းမခံနိုင်မှုသည် ၄င်း၏ပင်ကိုယ်သဘောက အကြမ်းဖက်မှုပုံစံဖြစ်ပြီး၊ စစ်မှန်သည့်ဒီမိုကရေစီစိတ်ဓာတ်တိုးတက်ဖွံ့ဖြိုးရေးအတွက် အတားအဆီးဖြစ်သည်။

## အပိုင်း ၁

## <u>ဒီမိုကရေစီဆိုသည်မှာ</u>

"ဒီမိုကရေစီ" ဟူသောစကားရပ်သည် ဂရိဘာသာ စကားဖြစ်သော demos မှ ဆင်းသက်လာသည်။ ပြည်သူ ဟူသော အဓိပ္ပာယ်ရသည်။ <u>ဒီမိုကရေစီတွင် ပြည်သူလူထုသည် အမြင့်ဆုံးသောအာဏာပိုင်ဖြစ်ပြီး ဥပဒေပြုအမတ်များနှင့် အစိုးရ၏အထက်တွင်ရှိသည်</u>။

ဒီမိုကရေစီကိုကျင့်သုံးမှုနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် အမျိုးမျိုးကွဲပြားနေသော်လည်း ဒီမိုကရက်တစ်အစိုးရတရပ်အနေဖြင့် လိုက်နာရမည့် အခြေခံမူများနှင့် လက်တွေ့အကောင်အထည်ဖော်ကျင့်သုံးမှုများသည် အခြားသောအစိုးရများနှင့် ကွဲပြားခြားနားပေသည်။

ဒီမိုကရေစီတွင် အာဏာရအစိုးရတရပ်သည် ပြည်သူလူထုအားတာဝန်ခံရပြီး အာဏာနှင့်တာဝန်ခံမှုကို ပြည်သူလူထုက တိုက်ရိုက်သော်လည်းကောင်း၊ ၄င်းတို့က လွတ်လပ်စွာရွေးချယ်လိုက်သော ကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း ကျင့်သုံးရပေသည်။

ဒီမိုကရေစီသည် လူသားတို့၏လွတ်လပ်ခွင့်များကို အကာအကွယ်ပေးသည့် အခြေခံမူများ၊ လက်တွေ့ကျင့်သုံးမှုများဖြင့်စုပေါင်းထားသည်။ ၎င်းသည်က လွတ်လပ်မှုများအတွက် ဦးတည်လုပ်ဆောင်ခြင်းဖြစ်သည်။

ဒီမိုကရေစီသည် အများဆန္ဒဖြင့်အုပ်ချုပ်မှုပေါ်တွင် တည်မှီသည်။ ထိုအထဲတွင် လူတဦးချင်းစီနှင့် လူနည်းစုတို့၏အခွင့်အရေးများလည်း ပေါင်းစပ်ထားသည်။ ဒီမိုကရေစီမှန်သမျှသည် လူအများစု၏ဆန္ဒအတိုင်းဖြစ်ရမည်ဆိုသကဲ့သို့ လူတဦးချင်းစီနှင့် လူနည်းစုတို့၏အခြေခံအခွင့်အရေးများကို ကာကွယ်ရေးကိုလည်း အားပေးသည်။

ဒီမိုကရေစီသည် ဗဟိုအစိုးရ၏အာဏာအပြည့်အဝရှိရေးကို ကာကွယ်ပေးသကဲ့သို့ အစိုးရအာဏာကို ဒေသဆိုင်ရာနှင့် အောက်ခြေအဆင့်အထိ ခွဲဝေချထားရေးကိုလည်း ကာကွယ်သည်။ ၎င်းသည်က ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များသည် ပြည်သူလူထုနှင့်ထိတွေ့မှုရှိရမည့်အပြင် ပြည်သူများ၏ လိုလားချက်များကိုလည်း ဖြစ်နိုင်သမျှတုံ့ပြန်ရမည်ဆိုသည့် သဘောဖြစ်သည်။

ဒီမိုကရေစီသည် သူ၏အခြေခံလုပ်ငန်းဖြစ်သော လွတ်လပ်စွာပြောဆိုခွင့်နှင့် ကိုးကွယ်ယုံကြည်ပိုင်ခွင့်၊ ဥပဒေအောက်တွင် တူညီစွာဖြင့် ကာကွယ်စောင့်ရှောက်ခံရပိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေးရာကိစ္စများတွင် အပြည့်အဝစည်းရုံးပိုင်ခွင့်နှင့် ပါဝင်လုပ်ဆောင်ပိုင်ခွင့် အစရှိသည့် အခြေခံလူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည်။

ဒီမိုကရေစီတွင် ပြည်သူပြည်သားအားလုံးအတွက် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများကို ကျင်းပပေးရသည်။ ထိုရွေးကောက်ပွဲများသည် အာဏာရများနှင့် ပါတီတရပ်ရပ်အား ထောက်ခံသည့်အနေဖြင့် ကျင်းပခြင်းမျိုးမဟုတ်၊ ပြည်သူလူထု၏ထောက်ခံအားပေးမှုဖြင့်စစ်မှန်သည့်ယှဉ်ပြိုင်မှုမျိုးဖြစ်သည်။

ဒီမိုကရေစီက အစိုးရအား တရားဥပဒေစိုးမိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်စေသည်။ ပြည်သူလူထုအားလုံးကို ဥပဒေအောက်တွင် တပြေးညီကာကွယ်စောင့်ရှောက်မှုရရှိစေရေးကို လုပ်ဆောင်စေသကဲ့သို့ ပြည်သူများ၏ အခွင့်အရေးကို အကာအကွယ်ပေးသည့် တရားဥပဒေစနစ်ရှိစေရေးကိုလည်း ဆောင်ရွက်စေသည်။

ဒီမိုကရေစီကျင့်သုံးမှု အမျိုးမျိုးကွဲပြားမှုရှိပေသည်။ ထိုကွဲပြားမှုသည် နိုင်ငံတနိုင်ငံချင်းစီ၏ မတူညီပဲ သီးခြားဖြစ်နေ လပ်သောလူမှုအသိုင်းအဝိုင်းအတွင်း သဘောတူညီချက်များရရှိမည်ဖြစ်ပြီး ဒီမိုကရေစီအုတ်မြစ်၏ထောက်တိုင်ကြီးနှစ်ခုဖြစ်သော လူများစုအုပ်ချုပ်မှုနှင့် လူနည်းစုအခွင့်အရေးများကို လက်ကမ်းကြိုဆိုထွေးပွေ့နိုင်မည်ဖြစ်ပေသည်။

# ရွေးကောက်ပွဲဝင်ဘို့ လုပ်ငန်းရှင်တွေကို စစ်အစိုးရညွှန်ကြား

**RFA၊မတ်လ ၃၀။** ။ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်ဘို့ စစ်အစိုးရကနီးစပ်ရာလုပ်ငန်းရှင်တွေကို ညွှန်ကြားထားပြီးဖြစ်တယ်လို့ စစ်အစိုးရဝန်ကြီးအဖွဲ့နဲ့နီးစပ်တဲ့ လုပ်ငန်းရှင်တချို့က RFA ကိုပြောပါတယ်။

လုပ်ငန်းရှင်တွေဘက်ကလည်း ရွေးကောက်ပွဲဝင်ရောက်ဘို့နှုတ်အားဖြင့်ကတိပြုထားပြီးဖြစ်တယ်လို့ဆိုပါတယ်။ ပါဝင်ယှဉ်ပြိုင်မယ့်လုပ်ငန်းရှင်တွေဟာ မိမိတို့ရဲ့ဇာတိမြို့နယ်တွေကနေ ရွေးကောက်ပွဲဝင်ရောက်ကြရမှာဖြစ်တယ်လို့ သိရပါတယ်။ ယုဇန ဦးငွေးမြင့်က မြိတ်မြို့၊ Max Myanmar ကုမ္ပဏီပိုင်ရှင်ကိုဇော်ဇော်က ရေကြည်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးသန်းလွင်က ခရမ်း၊ ဇေကမ္ဘာဦးခင်ရွှေက ကော့မှူး၊ ဧင်ကုမ္ပဏီပိုင်ရှင်ဦးချစ်ခိုင်က ဓနုဖြူမြို့၊ UMFCCI ကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးဝင်းမြင့်က တန့်ဆည် စသဖြင့်မြို့နယ်အလိုက် တာဝန်ပေးသတ်မှတ်ပေးထားပြီးဖြစ်တယ်လို့ သူကပြောပါတယ်။

အလားတူ စက်မှု ၁ ဝန်ကြီးဦးအောင်သောင်းကို တောင်သာမြို့နယ်၊ စီမံစီးပွားဝန်ကြီးဦးစိုးသာကို တွံတေး စသဖြင့် လက်ရှိဝန်ကြီးတချို့ကိုလည်း ရွေးကောက်ပွဲမှာမြို့နယ်အလိုက် ဝင်ရောက်ပါဝင်ဘို့သတ်မှတ်ထားတယ်လို့ စစ်အစိုးရဝန်ကြီးတချို့နဲ့နီးစပ်တဲ့ သတင်းရပ်ကွက်ကပြောပါတယ်။ ဒါ့အပြင် ၂၀၁၀ ရွေးကောက်ပွဲအတွက် စစ်တပ်ကကိုယ်စားလှယ် ၁၁၀၊ နီးစပ်တဲ့လုပ်ငန်းရှင်တွေ၊ ဝန်ကြီးတွေပါဝင်မယ့် အရပ်ဘက်ပြည်သူ့ကိုယ်စားလှယ် ၃၃၀၊ စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် ၄၄၀ စာအတွက် လူရွေးချယ်မှု အားလုံးပြီးစီးသွားပြီဖြစ်ပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်အပါအဝင် ရွေးကောက်ပွဲဥပဒေကို လာမယ့်ဧပြီလနှောင်းပိုင်း ဒါမှမဟုတ် မေလဆန်းပိုင်းအတွင်း ထုတ်ပြန်ကြေညာဖွယ်ရှိတယ်လို့ သိရပါတယ်။

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်ကို နှစ်လလောက်ဘဲခွင့်ပြုမှာဖြစ်ပြီး မှတ်ပုံတင်တဲ့နိုင်ငံရေးပါတီအားလုံး ရွေးကောက်ပွဲဝင်ရမှာဖြစ်ကြောင်း၊ မှတ်ပုံမတင်တဲ့နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းမှာဖြစ်ကြောင်း အဲဒီရွေးကောက်ပွဲဥပဒေမှာ ရေးသားထားတယ်လို့ ဥပဒေမူကြမ်းကိုဖတ်ရှုခွင့်ရခဲ့တဲ့ လုပ်ငန်းရှင်တဦးက RFA ကိုပြောပါတယ်။ စစ်အစိုးရက နေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မေလအတွင်းလွှတ်ပေးဘို့ အရိပ်အရောင်ရှိနေတဲ့အတွက် ရွေးကောက်ပွဲဥပဒေထုတ်ပြန်မယ့်ကာလနဲ့ မရှေးမနှောင်းဖြစ်တာမို့ ထူးခြားတဲ့နိုင်ငံရေးအခြေအနေမြင်တွေ့လာရဖွယ်ရှိတယ်လို့ ရန်ကုန်နိုင်ငံရေးသမားတချို့က ပြောဆိုနေကြပါတယ်။

# နအဖရဲ့ကိုယ်ပိုင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်နိုင်ရေး စည်းမျဉ်းများပြင်ဆင်

**RFA၊ဧပြီလ ၂။** ။ စီးပွားရေးလုပ်ငန်းရှင်များ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနဲ့စက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ချမှတ်ထားတဲ့စည်းမျဉ်းတချို့ကို ပြင်ဆင်လိုက်တယ်လို့ စုံစမ်းသိရှိရပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၃၁ ရက်နေ့ကပြုလုပ်တဲ့ အစည်းအဝေးကနေ ခုလိုပြင်ဆင်ချက်ကို ဆုံးဖြတ်အတည်ပြုလိုက်တာဖြစ်တယ်လို့ အစည်းအဝေးကိုတက်ရောက်ခဲ့တဲ့ လုပ်ငန်းရှင်တဦးက RFA ကိုပြောပါတယ်။ “မူလက ဒီလို NGO ခေါ်တဲ့အသင်းအပင်းတွေမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ ဘော်လံတီယာတွေဟာ နိုင်ငံရေးပါတီကင်းရှင်းရမယ်၊ နိုင်ငံရေးကင်းရှင်းရမယ်။ ဒါပေမယ့် အခုလာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ ဒီဘော်လံတီယာတွေဖြစ်တဲ့ လုပ်ငန်းရှင်တွေတချို့ဟာ သူတို့ရဲ့သက်ဆိုင်ရာပါတီတွေမှာ ဒါမှမဟုတ်လို့ရှိရင် ရွေးကောက်ပွဲကိုတသီးပုဂ္ဂလဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့အခါမှာ ယှဉ်ပြိုင်ခွင့်ရအောင်လို့ သူတို့ရဲ့ Constituion ကို Amendment လုပ်ပေးတယ်လို့ယူဆလို့ရပါတယ်။

လာမယ့်ရွေးကောက်ပွဲ ၂၀၁၀ မှာ လွှတ်လပ်စွာမည်သူမဆို ဘော်လံတီယာလုပ်တဲ့လူချည်းဘဲ ဘော်လံတီယာတွေမှာဝင်လုပ်လို့ မရွေးရဘူးလို့ပြောစရာဖြစ်မှာစိုးလို့ ဘော်လံတီယာလည်း ဒီမှာလုပ်နိုင်လည်းလုပ်၊ နိုင်ငံရေးပါတီကိုဝင်ပြီးတော့ ဝင်ရောက်အရွေးခံမယ်ဆိုလည်း ရွေးချယ်ခံပိုင်ခွင့်ရှိတယ်ဆိုတဲ့အချက်တချက်ကိုဖြည့်ပေးလိုက်တာဖြစ်ပါတယ်။”

ယခင်က NLD ပါတီနဲ့အဆက်အသွယ်ရှိသူများကို အသင်းဝင်အဖြစ်ကနှုတ်ထွက်ခိုင်းတာတွေရှိတယ်လို့သိရပါတယ်။ အလားတူ ကုန်သည်များနဲ့စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဝင်မဟုတ်ပေမယ့် လုပ်ငန်းလိုင်စင်များတင်ခြင်းနဲ့ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းတွေလုပ်ရာမှာလည်း နိုင်ငံရေးပါတီနဲ့ကင်းရှင်းကြောင်း ခံဝန်ချက်တွေ စသုံးလုံးကလက်မှတ်ရေးထိုးခိုင်းတာလည်း ပြီးခဲ့တဲ့နှစ်တွေကရှိခဲ့တယ်လို့ လုပ်ငန်းရှင်တွေကပြောပါတယ်။

တကယ်တော့ လုပ်ငန်းရှင်အများစုဟာ စီးပွားရေးလုပ်ကိုင်နေသူတွေအနေနဲ့ နိုင်ငံရေးကိုစိတ်ပါဝင်စားမှုမရှိဘူးလို့ဆိုပါတယ်။ ဒါပေမယ့် အာဏာပိုင်တွေအနေနဲ့ သူတို့နဲ့နီးစပ်တဲ့လုပ်ငန်းရှင်တချို့ကို ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဘို့ ပြောတာတွေရှိတယ်လို့လည်း သိရပါတယ်။ ခုလိုပြောဆိုမှုတွေရှိတာကြောင့် ရန်ကုန်မြို့ကစစ်အစိုးရနဲ့ပတ်သက်ဆက်နွယ်သူ နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင်တချို့ဟာ အသစ်ထောင်မယ့်ပါတီတွေမှာ ပါဝင်ဘို့ကတိပေးခဲ့တာတွေရှိသလို ပါတီကိုငွေရေးကြေးရေးအရ နောက်ပိုင်းက အထောက်အပံ့ပေးဘို့ ကတိပေးခဲ့ရတာတွေရှိတယ်လို့ ကုန်သည်အသိုင်းအဝိုင်းမှာပြောဆိုနေကြပါတယ်။

# အရီးတောင်းဦးကျော်သိန်း ရွေးကောက်ပွဲဝင်ရန် ငြင်းဆန်၍ လက်ဘက်လုပ်ငန်းနှိပ်ကွပ်ခံရခြင်းလော

**VOB၊ဧပြီ ၄။** ။ နအဖစစ်အာဏာပိုင်တွေက မြန်မာနိုင်ငံကလက်ဘက်တွေမှာ အရောင်ဆိုးဆေးတွေထည့်သွင်းထားတဲ့အတွက် စားသုံးသူတွေ ကျန်းမာရေးထိခိုက်စေတယ်ဆိုပြီး ရုတ်တရက်ကြေညာခဲ့တဲ့အတွက် လက်ဘက်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေရော၊ အကြီးအကျယ်အခက်တွေ့ခဲ့ရပါတယ်။

လက်ဘက်ထဲမှာ ဒီလိုဆိုးဆေးပါဝင်တယ်ဆိုတဲ့သတင်းတွေ လုံးဝမကြားသိရပါပဲ ရုတ်တရက်ထွက်ပေါ်လာတဲ့အတွက် လက်ဘက်ရောင်းချတဲ့နာမည်ကျော်လုပ်ငန်းကြီးတွေ အထိနာခဲ့ပါတယ်။ နအဖက အရီးတောင်းအပါအဝင် စားသုံးရန်မသင့်တဲ့လက်ဘက်ရောင်းချတဲ့လုပ်ငန်းအမည်တွေနဲ့ လက်ဘက်အမျိုးအစားတွေကို ပိတ်ပင်ခဲ့ပါတယ်။

အရီးတောင်းက သူတို့လုပ်ငန်းအနေနဲ့ ဒီလိုဆေးဆိုးတာမျိုးလုံးဝမလုပ်ဘူးဆိုတာ လူထုသိရန် သတင်းစာတွေမှာ ကြော်ငြာထည့်ဖို့ကြိုးစားပေမဲ့ အာဏာပိုင်တွေက ခွင့်မပြုပဲ၊ တခြား လက်ဘက်ပွဲရုံတွေ၊ ကုန်သည်တွေရဲ့ကြော်ငြာတွေကိုတော့ ခွင့်ပြုတယ်လို့ သိရပါတယ်။ လက်ဘက်လုပ်ငန်းလုပ်ကိုင်နေသူတဦးက လက်ဘက်ကုန်သည်တွေနဲ့ ပွဲစားတွေက အရောင်ဆိုးဆေးသုံးတာဖြစ်နိုင်ခြေရှိတယ်လို့ ခန့်မှန်းပြောဆိုပါတယ်။

ထပ်မံသိရသတင်းအရ နအဖက အရီးတောင်းဦးကျော် သိန်းကို ၂၀၁၀ ရွေးကောက်ပွဲဝင်ခိုင်းတယ်လို့ ပြောတယ်ဆိုတဲ့အကြောင်းနဲ့ ဦးကျော်သိန်းက ငြင်းပယ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီလိုငြင်းပယ်ပြီးမကြာမီမှာ လက်ဘက်တွေဆေးဆိုးတယ်ဆိုတဲ့သတင်းထွက်ပေါ်လာခဲ့ပါတယ်။

# အမေရိကန်သမတသစ်ဘာရက်အိုဘားမားမြန်မာပြည်ပေါ်ထားတဲ့နိုင်ငံခြားရေးမူဝါဒပြန်လည်သုံးသပ်

**VOA၊ဧပြီလ ၂॥** ॥ အမေရိကန်နိုင်ငံမှာ သမတအသစ် ဘရက်ခ် အိုဘားမား တက်လာပြီးနောက် မြန်မာပြည်အပေါ်ထားရှိတဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်လည် လေ့လာသုံးသပ်နေပါတယ်လို့ နိုင်ငံခြားရေးဌာနက သတင်းတွေထုတ်ပြန်ကြေညာခဲ့ပါတယ်။

အခုလိုအချိန်မှာ အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျင်စတိုင်းဘက်က မြန်မာနိုင်ငံပေါ်မှာပြန်လည်သုံးသပ်နေတဲ့ အမေရိကန်ရဲ့ပေါ်လစီဟာ အာရှနိုင်ငံတွေထားရှိတဲ့ပေါ်လစီနဲ့ တပြေးညီရှိစေလိုပါတယ်လို့ အစည်းအဝေးတခုမှာ ဗုဒ္ဓဟူးနေ့မှာပြောကြားသွားပါတယ်။ သမ္မတအိုဘားမားအစိုးရက အရင် သမ္မတဘွတ်ရှ်လက်ထက်ကချထားခဲ့တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ ထိရောက်မှုမရှိသလို မြန်မာအစိုးရနဲ့ရင်းနှီးဆက်ဆံတဲ့ အာဆီယံနိုင်ငံတွေရဲ့ပေါ်လစီဟာလည်း မြန်မာနိုင်ငံမှာဒီမိုကရေစီဖော်ဆောင်ရေးအတွက် ပြုပြင်ပြောင်းလဲဘို့ အောင်မြင်မှုမရှိတာကြောင့် မြန်မာနိုင်ငံပေါ်မှာထားရှိတဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်လည်သုံးသပ်နေတယ်လို့ ပြောခဲ့ပါတယ်။

ဗုဒ္ဓဟူးနေ့က အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျင်စတိုင်းဘက်က အမျိုးသားအာရှသုတေသနဗျူရိုမှာကျင်းပခဲ့တဲ့ အမေရိကန်နဲ့အာရှနိုင်ငံများရဲ့ပေါ်လစီများဆွေးနွေးပွဲမှာ မြန်မာနိုင်ငံပေါ်ထားရှိတဲ့ ပေါ်လစီကိုသုံးသပ်ရာမှာ ပိုပြီးပွင့်လင်းမှုရှိတဲ့ မြန်မာနိုင်ငံဖြစ်လာရေးကို လိုလားတယ်လို့ ပြောကြားသွားပါတယ်။

“နိုင်ငံခြားရေးဝန်ကြီးကလင်တန်ပြောထားတာရှိပါတယ်။ မြန်မာပြည်နဲ့ပတ်သက်တဲ့အမေရိကန်ရဲ့ မူဝါဒတွေကို အခုလောလောဆယ်မှာ ပြန်ပြီးသုံးသပ်နေတယ်ဆိုတာပါဘဲ။ ကျနော်တို့ရဲ့အဓိကဦးတည်ချက်ကတော့ မပြောင်းလဲပါဘူး။ မြန်မာနိုင်ငံပိုပြီးတော့ပွင့်လင်းမှုရှိပြီး ကိုယ့်ပြည်သူတွေရဲ့အခွင့်အရေးတွေကို လေးစားမှုရှိမယ်၊ အာဆီယံအသင်းကရေးဆွဲထားတဲ့ ပဋိညာဉ်စာတမ်းစည်းမျဉ်း စည်းကမ်းချက်တွေနဲ့အညီ ဖြစ်လာရေးလုပ်ဆောင်တာမျိုး ကျနော်တို့ကတွေ့ချင်ပါတယ်။ နောက်ပြီးတော့ အပြုသဘောဆောင်တဲ့လုပ်ဆောင်မှုတွေနဲ့ ဒေသတွင်းမှာတည်ငြိမ်မှုတွေရှိလာအောင် လုပ်စေချင်ပါတယ်။ ဒီလိုမျိုးနဲ့ကမ္ဘာ့စီးပွားရေးလောကထဲကို ပါဝင်လာနိုင်ပါတယ်။”

သမတအိုဘားမားအစိုးရက မြန်မာနိုင်ငံပေါ်ထားရှိတဲ့ပေါ်လစီကို ပြန်လည်သုံးသပ်နေချိန်မှာ အာရှရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘလိတ်ဟာ ပြီးခဲ့တဲ့သတင်းပတ်က သူ့ရဲ့ ၅ နိုင်ငံအာရှခရီးစဉ်အတွင်း မြန်မာနိုင်ငံကိုသွားရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းအပြင် အတိုက်အခံဒီမိုကရေစီအဖွဲ့ချုပ်စီအီးစီများနဲ့ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်တချို့နဲ့လည်း တွေ့ဆုံခဲ့တယ်လို့သိရပါတယ်။

သက္ကရာဇ် ၂၀၀၇ ခုနှစ်က ရဟန်းသံဃာတော်တွေ ကြွချီဆန္ဒပြတာကို မြန်မာစစ်အစိုးရက ရက်ရက်စက်စက်နှိမ်နင်းခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု ဥရောပသမဂ္ဂအပါအဝင် အနောက်အုပ်စုက ရှိဆဲမြန်မာနိုင်ငံအပေါ်ဒဏ်ခတ်ပိတ်ဆို့မှုတွေကို အားဖြည့်ချမှတ်ခဲ့ရာမှာ မြန်မာနိုင်ငံမှာနေအိမ်အကျယ်ချုပ်ကျခံနေရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ပေးဘို့တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် အခုလိုကြိုးပမ်းမှုများဟာ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ အာဆီယံနိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ်အပြုသဘောဆောင်ဆက်ဆံမှုတွေ၊ ကုန်သွယ်ရေးအားကောင်းမှုတွေကြောင့် ဒဏ်ခတ်ပိတ်ဆို့မှုတွေဟာ ထိရောက်မှုရှိသင့်သလောက် မရှိခဲ့ပါဘူး။

ဒုနိုင်ငံခြားရေးဝန်ကြီး စတိုင်းဘက်က မြန်မာနိုင်ငံအပေါ်လွှမ်းမိုးမှုရှိတဲ့ နိုင်ငံတွေအနေနဲ့ ဒေသန္တရအကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ်အမေရိကန်နဲ့အတူ တပြေးညီမူဝါဒချမှတ်ဘို့လိုတယ်လို့ အခုလိုပြောခဲ့ပါတယ်။

“မြန်မာပြည်နဲ့ပတ်သက်ပြီး နှစ်ဘက်စလုံးအတွက်သုညဘဲထွက်စေမယ့်ဆက်ဆံရေးကတော့ ဘယ်နိုင်ငံကိုမှအကျိုးမရှိစေပါဘူး။ မြန်မာနိုင်ငံအပေါ်လွှမ်းမိုးမှုရှိတဲ့နိုင်ငံတွေကနေ ဖြေရှင်းနည်းသစ်တွေကို ဖန်တီးလုပ်ဆောင်နေကြတာဟာကိုယ့်တိုင်းပြည်အတွက်ပါအကျိုးမရှိစေဘူးဆိုတာကို တွေ့ရပါတယ်။ ကျနော်တို့အားလုံးမှာ မြန်မာပြည်နဲ့ပတ်သက်လို့ အတူတကွလုပ်ဆောင်ကြမယ်ဆိုတဲ့ ဘုံရပ်တည်ချက်ရှိပါတယ်။ အပြုသဘောဆောင်တဲ့ချဉ်းကပ်မှုတွေနဲ့ မြန်မာစစ်အစိုးရကိုစည်းရုံးသွားမယ်၊ နိုင်ငံတကာကဝိုင်းပယ်ထားတဲ့အခြေအနေမျိုးကနေ အပြင်ကိုထွက်လာအောင် တခြားနည်းလမ်းတွေလည်းရှိတယ်။ ကိုယ့်အကျိုးစီးပွားတခုတည်းဆိုတာလည်း မဟုတ်ဘူးဆိုတာရှင်းပြသွားမယ်။ ဒေသတွင်းနိုင်ငံတွေကတယောက်တမျိုးလုပ်ကိုင်နေကြတာမျိုးမဟုတ်ဘဲ ဒီထက်ပိုပြီးပညာသားပါတဲ့ အပြုသဘောဆောင်တဲ့ လုပ်ရပ်မျိုးကို ကျနော်တို့ကမြင်ချင်ပါတယ်။”

မြောက်ကိုရီးယား နယူးကလီးယားအစီအစဉ်အဆုံးသတ်ရေး ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲနဲ့သဏ္ဌာန်တူတဲ့ အလျောအတင်းပြုလုပ်နိုင်တဲ့ဘောင်အတွင်း မြန်မာနိုင်ငံဆိုင်ရာဆွေးနွေးပွဲတရပ် စတင်ဘို့ကိုလည်း အမေရိကန်ပြည်ထောင်စုက စဉ်းစားသုံးသပ်ပေးဘို့ အစဉ်သင့်ရှိတယ်လို့ သူကပြောသွားပါတယ်။ သမတအိုဘားမားအစိုးရနဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်ပေါ်လစီကို ပြန်လည်သုံးသပ်ရာမှာ ချမှတ်ထားတဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေကို လျှော့ပေါ့ပေးမယ့်အလားအလာနဲ့ပတ်သက်လို့ သတင်းဌာနတွေကမေးခွန်းထုတ်ခဲ့ကြပါတယ်။

နယူးဟမ်ရှိုင်းယားပြည်နယ်က ရီပတ်ဗလစ်ကန်အထက်လွှတ်တော်အမတ် ဂျက်ဂရက်ကတော့ မြန်မာနိုင်ငံအပေါ်ရပ်တည်ချက်ခိုင်မာဘို့ဆိုတဲ့ခေါင်းကြီးနဲ့ ဘော်စတင်ဂလုပ်သတင်းစာမှာရေးသားရာမှာ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်ရဲ့ပေါ်လစီဟာ လက်ရှိအတိုင်းစွဲကိုင်သွားသင့်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ မြန်မာနိုင်ငံသားတွေဆီက သဘောထားတွေကို အဓိကထားရယူသင့်တယ်လို့ ရေးသားထားတာတွေ့ရပါတယ်။

# နိုင်ငံရေးအကျဉ်းသားမိသားစုများထောင်ဝင်စာအခက်အခဲရှိ

**RFA၊ဧပြီလ ၂॥** ॥ နိုင်ငံရေးအကျဉ်းသားတွေကို တလတကြိမ် ထောင်ဝင်စာတွေ့ခွင့်ရပေမယ့် နယ်ဝေးထောင်တွေကိုသွားလာရတာ အခက်အခဲကြောင့် နှစ်တကြိမ်မှလာရောက်တွေ့ဆုံနိုင်တဲ့ မိသားစုတွေအနေနဲ့ လာရောက်တွေ့ဆုံစဉ်မှာ ရက်ခြားပြီးတကြိမ်ထက်ပိုပြီးတွေ့ဆုံခွင့်ပြုသင့်တယ်လို့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ မိသားစုတွေက RFA ကိုပြောပါတယ်။

ကလေးထောင်မှာ ထောင် ၇ နှစ်ကျခံနေရတဲ့ မြန်မာနေရှင်းဂျာနယ်အယ်ဒီတာချုပ် ကိုသက်ဇင်ရဲ့ဇနီး မခင်ဆွေမြင့်က RFA ကိုအခုလိုပြောပါတယ်။ “ကျမကတော့ ဒီနေ့ရန်ကုန်ကရောက်ရောက်ခြင်းလည်းဖြစ်တယ်၊ တွေ့ဘို့လည်းလာတာဆိုတော့ အရမ်းလည်းတွေ့ချင်တာနဲ့ ပင်ပန်းနေတဲ့ကြားထဲကဘဲ သွားတွေ့လိုက်တယ်။ ရန်ကုန်ကပါလာတဲ့ပစ္စည်းတွေပေးရင်းနဲ့ ဒါပေမယ့် ဒီရောက်တဲ့အခါကျတော့ နောက်ထပ်ချက်ဟင်းလေးတွေ အဲဒါလေးတွေချက်ပြုတ်ပြီးတော့ မနက်ဖြန်မဟုတ်ဘူး သဘက်ခါမှပေ့ါ။ စနေနေ့မှာသွားပြန်မေးဦးမယ်။ လူတွေ့ဘို့ရာကတော့ မသေချာပါဘူး၊ ပစ္စည်းကတော့ပေးလို့ရလိမ့်မယ်ထင်ပါတယ်။”

မခင်ဆွေမြင့်အနေနဲ့ ကိုသက်ဇင်ကိုလာရောက်တွေ့ဆုံဘို့ သွားလာရတဲ့အခက်အခဲနဲ့ တခြားမိသားစုအရေးတွေကြောင့် တလတကြိမ်လာရောက်တွေ့ဆုံနိုင်ခြင်းမရှိဘူး။ ဒါကြောင့် နှစ်လတကြိမ်လာရောက်တွေ့ဆုံစဉ် တခါထက်ပိုပြီးတွေ့ဆုံခွင့်ပေးသင့်တယ်လို့ RFA ကိုပြောပါတယ်။ အလားတူ ခန္တီးထောင်၊ လားရှိုး၊ ဘူးသီးတောင်၊ စစ်တွေစတဲ့ နယ်ဝေးထောင်တွေကိုရောက်နေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့မိသားစုဝင်တွေကလည်း မိမိတို့အနေနဲ့ခက်ခက်ခဲခဲလာရောက်ရတာဖြစ်လို့ တလတကြိမ်သွားရောက်တွေ့ဆုံဘို့ မလွယ်ကူဘူးလို့ပြောပြပါတယ်။ ဒါကြောင့် မိမိတို့အနေနဲ့လာတွေ့ချိန်မှာ တကြိမ်ထက်မက တွေ့ခွင့်ပြုသင့်ပါတယ်လို့ ပြောဆိုနေကြပါတယ်။

**ဧပြီ ၂၇၊ GENEVA ။ ။** ကုလသမဂ္ဂသည် မြန်မာတွင် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို ပြစ်တင်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံးအားလွှတ်ရန် တောင်းဆို၏။

**မတ် ၂၈-၂၉၊ XNA ။ ။** မန္တလေး Swan ဟော်တယ်တွင် My ITEX 2009 ပြန်ကြားရေးသိပ္ပံ Information Technology ပြပွဲကို ၂ ရက်တာကျင်းပခဲ့၏။

**မတ် ၂၉၊ Narinjara ။ ။** ယခင် NLD များပါပြီး ပြည်ထောင်စုမြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုအမည်ဖြင့် နအဖမှ ထောက်ခံသည့် နိုင်ငံအရေးအဖွဲ့ သစ်စစ်တွေတွင် ရုံးဖွင့်၏။

**မတ် ၂၉၊ DVV ။ ။** ဗြိတိသျှ ကိုလိုနီလက်ထက်မှ ပြဌာန်းထားသည့် မတရားသင်း အက်ဥပဒေသည် ခေတ်နှင့် မလျော်ညီတော့၍ ဖျက်သိမ်းပြီး ယင်းပုဒ်မဖြင့် အကျဉ်းချထားသူများအားပြန်လွှတ်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘီအယ်လ်စီ) မှ နအဖစစ်အဖွဲ့ သို့တောင်းဆိုလိုက်၏။

**မတ် ၂၉၊ Bloomberg ။ ။** အိန္ဒိယမှ Tata ကုမ္ပဏီသည် အိန္ဒိယအကူအညီဖြင့် မြန်မာတွင် မော်တော်ကားစက်ရုံတည်ရန် စီစဉ်နေ၏။

**မတ် ၂၉၊ XNA ။ ။** မြန်မာနှင့် အင်ဒိုနီးရှားသည် ကြားခံနိုင်ငံမပါဘဲ တိုက်ရန် ကုန်သွယ်မှုပြုရန် စီစဉ်နေ၏။

**မတ် ၃၀၊ RFA ။ ။** ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စစ်အုပ်စုသည် နီးစပ်ရာလုပ်ငန်းရှင်များအား ညွှန်ကြားထားပြီးကြောင်း လုပ်ငန်းရှင်အချို့မှဆို၏။

**မတ် ၃၁၊ DVB ။ ။** အာဏာပိုင်တွေက သာသနာတော်အပေါ် နှောင့်ယှက်မှုများကို သံဃာတော်များ လက်မှတ်ရေးထိုး၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့တင်ပြတောင်းဆိုရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

**မတ် ၃၁၊ DVB ။ ။** မြန်မာတွင် အင်တာနက်နှေးကွေးနေမှုသည် ပြည်ပပြည်တွင်းလုပ်ငန်းများအခက်တွေ့နေပြီး ပြည်ပခရီးသည်များ မြန်မာခရီးစဉ်ဖျက်နေကြောင်း။

**မတ် ၃၁၊ DVB ။ ။** ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်အတွင်း မတ် ၁၈ တွင် နယ်မြေခံအာဏာပိုင်များသည် အဓမ္မလုပ်အားပေးခိုင်းနေကြောင်း ရွာဒေသခံများမှဆို၏။

**မတ် ၃၁၊ DVB ။ ။** နိုင်ငံရေးပါတီတရပ်လို ဦးတည်လှုပ်ရှားနေသည့် လူမှုရေးအသင်းအဖွဲ့ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းပေးရမည်ဟု ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥပဒေရေး ရာသုံးသပ်ချက်တရပ် ထုတ်ပြန်လိုက်သည်။

**မတ် ၃၁၊ RFA ။ ။** မတ်လ ၃၀ တွင် ကျချင်ပြည်နယ် NLD စည်းရုံးရေးအဖွဲ့ဝင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစည်းအဖွဲ့ဝင်များ ရွှေဝါရောင်တော်လှန်ရေးနောက် ပထမဦးဆုံးအကြိမ် အစည်းအဝေးပြုလုပ်ခဲ့၏။

**မတ် ၃၁၊ DVB ။ ။** ဘင်္ဂလားဒေ့ရှ်အစိုးရသည် မြန်မာဘက်မှ သံဆူးကြိုးကာခြင်းကို မကန့်ကွက်သော်လည်း နိုင်ငံတကာစည်းမျဉ်းအရ နယ်စပ်မျဉ်းကြောင်းမှ မီတာ ၁၀၀ အကွာထားပြီး ကာရန် သတိပေးလိုက်ကြောင်း ယနေ့ထုတ် ဘင်္ဂလားဒေ့ရှ်သတင်းစာများမှဆို၏။

**မတ် ၃၁၊ DVB ။ ။** ၂၀၀၈ အဖွဲ့ချုပ်ဝင် ၇ ဦး ကို နအဖတရားရုံးမှ ပုံးခွဲမှုစသည်ဖြင့် ထောင် ၅ နှစ်စီ ယမန်နေ့က ချခဲ့ကြောင်း မိသားစုများမှဆို၏။

**မတ် ၃၁၊ Irrawaddy ။ ။** Time မဂ္ဂဇင်း၏ အင်တာနက်တွင် ယခုနှစ်ကမ္ဘာ့သြဇာအကြီးဆုံး လူ ၁၀၀ စာရင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အဆင့် ၂၅ ရှိကြောင်း။

**မတ် ၃၁၊ DVB ။ ။** မကွေးမြို့တွင် လတ်တလော ကာလဝမ်းရောဂါ များဖြစ်ပွားနေကြောင်း။

**ဧပြီ ၁၊ Irrawaddy ။ ။** ၂၀၁၀ ရွေးကောက်ပွဲအတွက် အားလုံးနှင့်ပြေပြစ်စွာဆက်ဆံရန် ကြံ့ဖွံ့အား နအဖမှတိုက်တွန်းထားသော သတင်းများထွက်နေကြောင်း။

**ဧပြီ ၁၊ DVB ။ ။** ထိုင်းတွင် အလုပ်လုပ်နေပြီး လုပ်သားအခွင့်အရေးဆုံးရှုံးနေသော မြန်မာလုပ်သားများအားကူညီရန် ထိုင်းအအခြေစိုက် Human Rights and Development foundation နှင့် Thai Labour Solidarity Committee မှ တိုက်တွန်း၏။

**ဧပြီ ၁၊ AP ။ ။** မြန်မာတွင် အင်တာနက်သည် အလွန်နှေးကွေးကာ လုပ်ငန်းများအထူးသဖြင့် ကုန်သွယ်ရေးနှင့်ခရီးသည်လုပ်ငန်းနှောင့်နှေးခြင်း အစီအစဉ်ဖျက်ခြင်းများရှိ၏။

**ဧပြီ ၁၊ WTN ။ ။** မြန်မာပြဿနာတွင် မြောက်ကိုရီးယားပြဿနာလို ၆ မျက်နှာဆွေးနွေးမှုပြုရန် အိုဘားမား၏ အမေရိကန်အစိုးရမှ လိုလားစဉ်းစားနေကြောင်း။

**ဧပြီ ၁၊ HANOI ။ ။** နအဖကုန်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်တင်နိုင်သိန်းဦးဆောင်သည် ကြံ့ဖွံ့ USDA အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိ၏။

**ဧပြီ ၁၊ DPA ။ ။** မြန်မာမုန်တိုင်းဘေးဒေသခံများအတွက် အမေရိကန်သည် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှတဆင့် ဆန်တန်ချိန် ၁၆၀၀၀ လှူသည့်ခရီးစဉ်ကို နအဖသတင်းဌာနများမှ သတင်းထောက် ၅ ဦးလိုက်ပါကြောင်း။

**ဧပြီ ၁၊ NEJ ။ ။** ၁၀ ကြိမ်မြောက် ကုလလူ့အခွင့်အရေးကောင်စီသည် ကင်တားနားအား မြန်မာဆိုင်ရာလူ့အခွင့်အရေးကိုယ်စားလှယ် အဖြစ်သက်တမ်းတနှစ်တိုးခဲ့၏။

**ဧပြီ ၁၊ DVB ။ ။** စက်ာပူသည် ဆိုးဆေးပါမှုဖြင့် ပိတ်ပင်အစားအစာတွင် မြန်မာကျန်းမာရေးဌာနမှထုတ်ပြန်သည့် စာရင်းထဲ မပါသည့် နာမည်ကျော် ယုဇနလက်ဖက်နှင့် စိုးဝင်းတီးမစ်တို့ပါဝင်လည်းပါဝင်ကြောင်း။

**ဧပြီ ၂၊ TKY ။ ။** နအဖစစ်အုပ်စုသို့ အကူအညီအားလုံးရပ်ဆိုင်းရန် ၂၀၁၀ ရွေးကောက်အပွဲအား ဂျပန်မှမထောက်ခံရန် မြန်မာဒီမိုကရေစီလှုပ်ရှားသူများမှ ဂျပန်နိုင်ငံခြားရေးရုံးရှေ့တွင် ဆန္ဒပြတောင်းဆို၏။

**ဧပြီ ၂၊ MANILA ။ ။** နိုင်ငံရေးအကျဉ်းသားအားလုံးအား လွှတ်ပေးခြင်းဖြင့် နအဖသည်အာဆီယံ၏လူ့အခွင့်အရေးအဖွဲ့ကို ဂုဏ်မြှင့်ကာ မြန်မာဒီမိုကရေစီသို့ဦးတည်ကတိကိုလည်း ဆောင်ရွက်ရကြမည်ဟု ဖိလစ်ပိုင်နိုင်ငံခြားရေးတာဝန်ခံမှပြောဆိုတိုက်တွန်း ၏။

**ဧပြီ ၂၊ FoxNews ။ ။** ၂၀၀၆ တွင်ပေါက်ဖွားခဲ့ပြီး အဖွဲ့ဝင် ၄၇ နိုင်ငံရှိသည့် U.N. Human Rights Council တွင် အမေရိကန်သည်လည်း အဖွဲ့ဝင်အဖြစ်ပါလိုကြောင်း။

**ဧပြီ ၂၊ Mizzima ။ ။** မြန်မာနိုင်ငံရေး၏တင်းမာမှုသည် ကမ္ဘာ့အသိုင်းအဝိုင်း၏ အချိန်မီပူးပေါင်းဖြေရှင်းမှုလိုကြောင်း ကေအင်ယူမှ David Takapaw မှဆို၏။

**ဧပြီ ၂၊ Kaowao News ။ ။** အင်္ဂပူအလုပ်ကြမ်းစခန်းရှိ အကျဉ်းသား ၈၀ နှုန်းသည် အဓမ္မသက်နှင်းအချုတ်ခံရသူရဟန်းများအပါအဝင် မတရားအကျဉ်းချခံနေရသူများဖြစ်ကြောင်း ထိုစခန်းမှထွက်ပြေးလွတ်မြောက်လာသူ ကိုအောင်မျိုးပိုင်ဆိုသူမှ ဆို၏။

**ဧပြီ ၃၊ AsiaTimes ။ ။** အရှေ့အလယ်ပိုင်းနှင့်အာဖရိကမှ တရုတ်သို့သွားမည့် ဆီလမ်းကြောင်းကို မြန်မာမြေမှဖြတ်ရန် တရုတ်မြန်မာနှစ်နိုင်ငံမှ ပိုက်လိုင်းဆောက်ရန် စာချုပ်ပြီးဖြစ်၏။

# အရှင်ဂမ္ဘီရညီနှင့် ၈၈ ကျောင်းသားဟောင်း ကိုမျိုးသန့် ထောင်ပြောင်း

**DVB၊ဧပြီလ ၂။** ။သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရရဲ့ညီ ကိုအောင်ကိုကိုလွင်နဲ့ ၈၈ ကျောင်းသားတွေနဲ့ဆက်စပ်သူ ကိုဇေယျာဦး တို့ကို အင်းစိန်ထောင်ကနေ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်ကို ဒီနေ့ပို့လိုက်တယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။

အရှင်ဂမ္ဘီရရဲ့ညီ ကိုအောင်ကိုကိုလွင် ကို ကျောက်ဖြူထောင်ပို့လိုက်ပေမယ့် ကျန်တဲ့ယောက်ဖ ကိုမိုးထက်လျှံနဲ့ မိတ်ဆွေ ၄ ဦးကိုတော့ ထောင်ပြောင်း မပြောင်း မသိရသေးပါဘူး။ သူတို့ ၆ ဦးကို ပြီးခဲ့တဲ့ မတ်လ ၁၂ ရက်နေ့က လူဝင်မှုကြီးကြပ်ရေး ဥပဒေချိုးဖောက်မှုနဲ့ အင်းစိန်အထူးတရားရုံးက အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၅ နှစ်စီချပြီး အခုလိုထောင်ပြောင်းလိုက်တာပါ၊ နယ်ထောင်တွေ ပို့လိုက်တာနဲ့ပတ်သက်လို့ ကိုမိုးထက်လျှံရဲ့ဇနီး မခင်သူဌေးကအခုလိုပြောပါတယ်။

"ဟုတ်တယ်၊ သွားပြီးမစုံစမ်းရသေးဘူး။ သူငယ်ချင်းတယောက်က ဖုန်းလှမ်းဆက်လို့။ မောင်လေးကိုတော့ ကျောက်ဖြူပို့လိုက်ပြီတဲ့။ ကျန်တဲ့ ၅ ယောက်ကတော့ မသိဘူး၊ တနေရာစီပဲဖြစ်မယ်ထင်ပါတယ်။ နေ့ခင်းပိုင်းလောက်က ကားပေါ်မှာ မြင်လိုက်တယ်တဲ့၊ လက်လည်းပြသွားတယ်တဲ့။ မနက်ဖြန်သွားစုံစမ်းမှာ တွေ့မယ့်ရက်က ၉ ရက်နေ့မှ တွေ့ရမှာ"။

အခုလောလောဆယ် အရှင်ဂမ္ဘီရကို စစ်ကိုင်းတိုင်း ခန္တီးထောင်၊ အကိုတော်သူ ကိုအောင်ကျော်ကျော်ကို တောင်ကြီးထောင်ပို့ထားပြီး ညီတော်သူ ကိုအောင်ကိုကိုလွင် ကို ကျောက်ဖြူထောင်ကို စစ်အုပ်စုက ပို့ထားတာဖြစ်ပါတယ်။

ကျန်တဲ့ ကိုမိုးထက်လျံ၊ ကိုကျော်မျိုးဆက်၊ ကိုလှိုင်မျိုး၊ ကိုစိုးလွင်နဲ့ ကိုရဲညွန့်တို့ကို ဘယ်အကျဉ်းထောင်တွေဆီ ပို့လိုက်တယ်ဆိုတာတော့ အင်းစိန်ထောင်ကို သွားရောက်စုံစမ်းမှသိနိုင်မယ်လို့ မခင်သူဌေးက ပြောပါတယ်။ မိသားစုဝင်တွေကို ဖမ်းဆီးထားတာဟာ ဥပဒေနဲ့မညီတာကြောင့် အရှင်ဂမ္ဘီရနဲ့ ကိုအောင်ကျော်ကျော် အတွက် အယူခံတက်ဖို့ ရှေ့နေတွေနဲ့စီစဉ်နေတယ်လို့သူက ပြောပါတယ်။

အလားတူပဲ ပြီးခဲ့တဲ့ မတ်လ ၂၃ ရက်နေ့က အင်းစိန်အထူးတရားရုံးက ထောင်မိန့်ချလိုက်တဲ့ ၈၈ ကျောင်းသားဟောင်း ကိုမျိုးသန့်အပါအဝင် ၆ ဦး အုပ်စုမှာ ကိုဇေယျာဦးကို ကျောက်ဖြူထောင် ပို့လိုက်ပေမယ့် ကျန်သူ ၅ ဦးရဲ့ အခြေအနေကို မသိရသေးပါဘူး။ ကိုမျိုးသန့်ကို အာဏာပိုင်တွေက ထောင် ၂ နှစ် ချလိုက်ပြီး ၈၈ ကျောင်းသားတွေနဲ့ ဆက်စပ်သူ ကိုထင်အောင်၊ ကိုသန်းထွန်းဇင်၊ ကိုတင်ထွန်းတို့ကို ထောင် ၅ နှစ်စီ၊ ကိုဇေယျာဦးနဲ့ ကိုအောင်အောင်ကျော်ကို ထောင် ၇ နှစ်စီ အသီးသီး အမိန့်ချထားတာပါ။

အင်းစိန်ထောင်မှာ ဖမ်းဆီးထားသူ နိုင်ငံရေးအကျဉ်းသားတွေ၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို စစ်အုပ်စုက ၂၀၀၉ အတွင်းမှာ အပြီးသတ် ထောင်မိန့်ချ၊ နယ်ထောင်အသီးသီးဆီ ပို့နေပါတယ်။ အင်းစိန်ထောင်မှာ မနှစ်က ဘိုကလေးမြို့မှာ နာဂစ်အလောင်းကောက်မှုနဲ့ ဖမ်းဆီးခံထားရတဲ့ ဒေါက်တာနေဝင်းနဲ့ သမီးအပါအဝင် ၂၀၀၇ ဗကသ ကျောင်းသားအုပ်စုသာ ကျန်တော့တယ်လို့ အကျဉ်းသားမိသားစုဝင်တွေက ပြောပါတယ်။

# အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင် ၇ ဦးကို နအဖထောင်ဒဏ်ချမှတ်

**DVB၊မတ်လ ၃၁။** ။ ၂၀၀၉–အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ၇ ဦး ကို နအဖစစ်အစိုးရက မနေ့က ထောင်ဒဏ်စီရင်ချက်ချလိုက်တယ်လို့ မိသားစုဝင်တွေက ပြောပါတယ်။

အဲဒီ ၇ ဦးကတော့ သင်္ဃန်းကျွန်းမြို့နယ် အန်အယ်လ်ဒီ ဥက္ကဋ္ဌ ဦးတင်မြ၊ လူငယ်တာဝန်ခံ ကိုအောင်ထွန်း၊ အဖွဲ့ဝင်တွေဖြစ်တဲ့ ကိုဇော်ဝင်း၊ ကိုခင်စိုး၊ ကိုရဲဇော်ထိုက်၊ ဦးအောင်သန်းထွန်းနဲ့ ကိုအောင်ကျော်တို့ဖြစ်ပါတယ်။ သူတို့ကို ပုံးဖေါက်ခွဲမှုပုဒ်မ ၅၊၆ နဲ့ စွပ်စွဲပြီး တာမွေမြို့နယ် ခရိုင်တရားရုံးက ထောင် ၅ နှစ်စီ အသီးသီးအမိန့်ချလိုက်တာပါ။

ကိုခင်စိုးနဲ့ကိုရဲဇော်ထိုက်တို့ကို အရင်က လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ တရားမဝင်အသင်းအက်ဥပဒေတွေနဲ့စွဲပြီး ထောင် ၈ နှစ် အမိန့်ချထားပြီးဖြစ်တာကြောင့် ကိုခင်စိုးက ထောင်ဒဏ် ၁၃ နှစ်၊ ကိုရဲဇော်ထိုက်ကတမှုပိုတဲ့အတွက် ၁၈ နှစ် ကျခံရမှာဖြစ်ပါတယ်။ ဦးအောင်သန်းထွန်းရဲ့ဇနီး မကျင်နုကတော့ ဖမ်းဆီးပေးသူတွေရာထူးတိုးဖို့အတွက် ထောင်ချခံရတာလို့ ပြောပါတယ်။

"အခုဟာက မတရားကြီးလုပ်လိုက်တာ၊ သက်သေတွေလည်းဘာမှမ ရှိဘဲနဲ့ အနီးကပ်ရောက်မှ သုဝဏ္ဏမင်းသားကြီးလဘက်ရည်ဆိုင်မှာ တွေ့တယ်ဆိုပြီးတော့ သတင်းပေးတယောက်နဲ့အတင်းဆွဲထည့်လိုက်တဲ့အမှုပဲ။ သူတို့ကို အန်အဲလ်ဒီ မို့လို့ဖမ်းတယ်လို့ဘဲ ကျမတို့ယူဆရပါတယ်။ စစ်ကြောရေးမှာစစ်တုန်းကလည်း ရန်ကုန်တိုင်းရုံးရဲတွေက ငါတို့တော့ရာထူးတိုးပြီဆိုပြီး အော်ပြောကြတာကို ကိုအောင်သန်းထွန်းတို့ကြားလို့ မခံနိုင်တောင်ဖြစ်ပါတယ်။"

အလားတူ ကိုအောင်ကျော်ကိုလည်းခဏဆိုပြီး ခေါ်သွားခဲ့တာ သားဆုံးလို့ ဈာပနတောင်ချခွင့်မရခဲ့ဘူးလို့ ဇနီးဖြစ်သူမချောကပြောပါတယ်။ "ပုံးခွဲတာလည်းဘာမှလည်းမသိရဘူး၊ ကာယကံရှင်ကလည်းဘာမှလည်းမသိရဘူး၊ ဆေးရုံတက်နေရတာ တစ်လကျော်တယ်။ ဆေးရုံနဲ့အိမ်နဲ့ပဲ။ ဒီရပ်ကွက်ထဲမှာတောင် မရှိဘူး။ အဲ့ဒါကို ညနေပိုင်းကြီးလာဆွဲတာ၊ ကလေးက အစာအိမ်သွေးကြောပေါက်တာ။ ကလေးလည်းဆုံးပြီး ၅ ရက်နေ့မှာချတယ်ဆိုတော့ ၄ ရက်မြောက်တဲ့နေ့မှာ လာဖမ်းတာ။ ခဏလောက်လိုက်ခဲ့ပါတဲ့။ ကျနော့်သား အသုဘရှိတယ်၊ ကားတွေဘာတွေငှားဖို့ ကျနော်ပိုက်ဆံသွားပေးရဦးမှာဆိုတာ မရဘူး။ ကားပေါ်မှာ ကိုအောင်သန်းထွန်းပါ ဖမ်းလာတာ။"

သူတို့အမှုအတွက် တရားရုံးချုပ်ရှေ့နေဦးအောင်သိန်းက ရှေ့နေလိုက်ခွင့်ရပေမယ့် ဦးအောင်သိန်းကို ဖမ်းဆီးထောင်ချလိုက်တဲ့အတွက် တဝက်တပျက်နဲ့သာအမှုကို လိုက်ပေးနိုင်ခဲ့တာလို့ သူတို့ကပြောပါတယ်။ အဖွဲ့ချုပ်ဝင်တွေအပေါ် မတရားဖမ်းဆီးထောင်ချတာ၊ မိသားစုနဲ့ဝေးတဲ့ နယ်မြို့ထောင်တွေဆီ ပို့လိုက်တာနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောပါတယ်။

"ဒေါ်ဝင်းမြမြကို ဒီလောက်ခရီးဝေးတဲ့နေရာကိုပို့တယ်။ သင်္ဃန်းကျွန်း ဦးတင်မြဆိုရင် ဘာမှမသိဘဲနဲ့အခုဖောက်ခွဲထိန်ချုန်မှုနဲ့ ထောင် ၅ နှစ်ချတယ်။ ဒါတွေက အခုရက်ပိုင်းမှာ ၂၀၁၀ ရွေးကောက်ပွဲအတွက် ကောင်းအောင်လုပ်မယ် ဘာညာပြောနေတာနဲ့ ဆန့်ကျင်ဘက်ပဲ။ ကျနော်တို့ကတော့ အန်အယ်လ်ဒီနဲ့ ဒီမိုကရေစီလှုပ်ရှားမှုအားလုံးကို ပိုမိုဖိနှိပ်မယ်ဆိုတဲ့လက္ခဏာတွေအဖြစ်ပဲ မြင်ပါတယ်။ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကတော့ ကိုယ့်ကိစ္စကိုမပြီးမချင်း အနစ်နာခံဆောင်ရွက်ကြမယ်ဆိုတဲ့ အခြေအနေမှာရှိတယ်ဆိုတာ ပြောချင်ပါတယ်။"

**စာမျက်နှာ ၁၂ မှ**

မတရားသင်းဥပဒေဆိုတာဟာ ယုတ်ရင်းကြမ်းတမ်းမှု၊ ခြိမ်းခြောက်မှု၊ ကျူးလွန်ဖို့ အားပေးကူညီ ပြုကျင့်လေ့ရှိတဲ့ အဖွဲ့အစည်း ဒါမှမဟုတ် အဖွဲ့ဝင်တွေပါဝင် တဲ့ အသင်းအပင်းမျိုးကို ခေါ်ဆိုတာပါ၊ ဥပဒေက ဒီလိုပြဌာန်းထားပေမယ့် အမျိုး သားပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းငြိမ်းချမ်းချမ်းလုပ်ဆောင်တဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေကို ဒီအက်ဥပဒေနဲ့ပဲ စစ်အစိုးရက အရေးယူနေတာပါ။

# ညွန့်ပေါင်းအစိုးရ အရှေ့တီမောနိုင်ငံတွင် တရားဝင် အစိုးရရုံးဖွင့်တော့မည်

**DVB၊ ဧပြီလ ၂။** ။ ပြည်ပရောက် ညွန့်ပေါင်းအစိုးရ NCGUB ဟာ အရှေ့ တီမောနိုင်ငံမှာ တရားဝင်ရုံးဖွင့်ခွင့်ရရှိရေးအတွက် သွားရောက်ဆွေးနွေးနေကြောင်း သိရပါတယ်။

အရှေ့တီမော သမတ ရာမို့စ်ဟော်တာဟာ NCGUB ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း ဦးဆောင်တဲ့အဖွဲ့ကို ပြီးခဲ့တဲ့လ ၃၀ ရက်နေ့က မြို့တော် ဒီလီမှာရှိတဲ့ သူ့ရဲ့ သမတနေအိမ်မှာ နေ့လည်စာနဲ့ တည်ခင်းဧည့်ခံပြီး ဆွေးနွေးခဲ့ပါတယ်။ ဒေါက်တာစိန်ဝင်းနဲ့အတူ ပြည်ပရောက် မြန်မာလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ MPU ဥက္ကဋ္ဌ ခွန်းတယ်ရီဘူးရီ၊ ဝန်ကြီးတွေဖြစ်ကြတဲ့ ဒေါက်တာတင့်ဆွေ၊ ဦးဘိုလှတင့်တို့လည်း ပါဝင်တယ်လို့ ဒေါက်တာ တင့်ဆွေရဲ့ ပုလဲသွယ်အမည်ရှိတဲ့ အင်တာနက်ဘလော့မှာ ဓာတ်ပုံနဲ့တကွ ဖော်ပြ ထားပါတယ်။ ပုလဲသွယ် ဘလော့ထဲမှာတော့ ဘာတွေဆွေးနွေးတယ်ဆိုတာဖော်ပြမထားပေမဲ့ ညွန့်ပေါင်းအစိုးရရဲ့ တရားဝင်ရုံးဖွင့်ခွင့်ရရေး ဆွေးနွေးကြတာလို့ စုံစမ်းသိရပါတယ်။

တရားဝင်ပဲဖြစ်ဖြစ်၊ နားလည်မှုနဲ့ပဲဖြစ်ဖြစ် မြို့တော် ဒီလီမှာ အဝေးရောက် ညွန့်ပေါင်းအစိုးရရဲ့ ရုံးဖွင့်ဖြစ်ဖို့ ဖြစ်နိုင်ခြေများတယ်လို့လည်း စုံစမ်းသိရှိရပါတယ်၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး မြို့တော်ဒီလီမှာရောက်နေရှိတဲ့ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းနဲ့ သူရဲ့အဖွဲ့ဝင်တွေကို ဆက်သွယ်လို့မရပါဘူး။ အရှေ့တီမောရဲ့ လက်ရှိ သမ္မတရာမို့စ်ဟော်တာဟာ အရှေ့တီမော အင်ဒိုနီးရှားလက်အောက်က လွတ်မြောက်ရေးအတွက် ပြည်ပကနေ သံတမန်ရေးရာလှုပ်ရှားမှုကို အဓိက ဦးဆောင်ခဲ့သူဖြစ်ပါတယ်။ အဲဒီအချိန် ၁၉၉၃ ခုနှစ်လောက်က မြန်မာ အတိုက်အခံတွေရဲ့ အခြေပြုရာဖြစ်တဲ့ ကေအင်ယူ ကရင်အမျိုးသားအစည်းအရုံးရဲ့ဌာနချုပ် မာနာပလောမှာ ရာမို့စ်ဟော်တာလည်း နေထိုင်ခဲ့ဖူးပါတယ်။ အဲဒါကြောင့် သူ့နိုင်ငံ အင်ဒိုနီးရှားလက်အောက်ကလွတ်မြောက်ပြီး ကုလသမဂ္ဂရဲ့ အစောင့်အရှောက်ခံကာလ ၁၉၉၉ ခုနှစ်မှာ ညွန့်ပေါင်းအစိုးရကိုအရှေ့တီမောနိုင်ငံလာရောက်ပြီး တရားဝင်ရုံးဖွင့်ဖို့ တရားဝင်ဖိတ်ခေါ်ခဲ့ပါသေးတယ်။

ဒါပေမဲ့လည်း အဝေးရောက်ညွန့်ပေါင်းအစိုးရက ရာမို့စ်ဟော်တာရဲ့ တရားဝင်ဖိတ်ခေါ်ချက်ကို ဘာမှပြန်ကြားတာမရှိသလို အရှေ့တီမောလွတ်လပ်ရေးနေ့အခမ်းအနားကိုဖိတ်ကြားခံရတာတောင် တက်ရောက်ခြင်းမရှိပါဘူး။ ဒါ့ကြောင့် အဝေးရောက်ညွန့်ပေါင်းအစိုးရဟာ ပြည်ပရောက်အတိုက်အခံတွေအကြားမှာ ဝေဖန်မှုတွေခံခဲ့ရပါတယ်။ သမတ ရာမို့စ်ဟော်တာဟာ မြန်မာ့ဒီမိုကရေစီအရေးကို တလျှောက်လုံး ကြွေးကြော်ထောက်ခံနေပေမယ့် အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့မှုကိုတော့ ဆန့်ကျင်ပါတယ်။

---

# ပိတ်ဆို့ဒဏ်ခတ်မှုကို ဆက်ထားသင့်

**VOA၊ ဧပြီလ ၄။** ။ နအဖစစ်အုပ်စုအပေါ် ဝါဒသဘောထား ပြန်လည်သုံးသပ်တဲ့နေရာမှာ ရှိရင်းစွဲ ဒဏ်ခတ်အရေးယူထားမှုကို ထည့်သွင်းစဉ်းစားပါလို့ အမေရိကန် ကွန်ဂရက်အမတ် ၁၇ ယောက်က နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ထံစာ ရေးတိုက်တွန်းလိုက်ပါတယ်။

နအဖစစ်အုပ်စုအပေါ် အမေရိကန်ကချမှတ်ထားတဲ့ စီးပွားရေးအရ ဒဏ်ခတ်အရေးယူမှု ရုပ်သိမ်းဖို့စဉ်းစားနေတယ်ဆိုတဲ့ သတင်းများထွက်ပေါ်နေတဲ့အတွက် စိုးရိမ်ပူပန်ကြောင်း အမေရိကန် အောက်လွှတ်တော်အမတ် ၁၇ ယောက်ရဲ့စာမှာ ဖော်ပြထားပါတယ်။

အမေရိကန်ဥပဒေအရ ဒဏ်ခတ်အရေးယူထားမှု ရုပ်သိမ်းဖို့ဆိုရင် နအဖစစ်အုပ်စုဘက်က လိုက်နာမှုတွေရှိဖို့လိုတယ်၊ အဲဒီအထဲမှာ မြန်မာပြည်က နိုင်ငံရေးအကျဉ်းသားအားလုံး၊ နေအိမ်အကျယ်ချုပ် ကျခံနေရတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်ပေးရမယ်၊ အရပ်သားများအပေါ် တိုက်ခိုက်မှုတွေ ရပ်ရမယ်၊ အတိုက်အခံအင်အားစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းနဲ့ စကားဆိုပွဲ လုပ်ရမယ်လို့ Hillary Clinton ထံပေးစာထဲမှာ သတိပေးထောက်ပြထားပါတယ်။

ဒဏ်ခတ်အရေးယူမှုဟာ စစ်အုပ်စုအပေါ် သက်ရောက်မှုမရှိသလို စစ်ခေါင်းဆောင်တွေကိုလည်း သြဇာသက်ရောက်မှု မရှိလို့ ဝါဒပြုပြင်ရမယ်ဆိုပြီး နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က ပြန်လည်သုံးသပ်ခိုင်းထားတာဖြစ်ပါတယ်။ မြန်မာပြည်သူများအတွက် အထောက်အကူပြုရေး စစ်အုပ်စုအပေါ် သြဇာရှိရေးအတွက် ရည်စူး နည်းလမ်းရှာကာ အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး Stephen Blake အား မြန်မာပြည်ကို စေလွှတ်ကာ စစ်အုပ်စုနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့ တွေ့ဆုံစကားပြောစေခဲ့ပါတယ်။

---

# သေဆုံးကလေးအတွက် ဆေးရုံကငွေတောင်း

**DVB၊ ဧပြီလ ၃။** ။ အခုရက်ပိုင်းက တရုတ်–မြန်မာနယ်စပ် ရွှေလီ–ကြယ် ဂေါင်မှာတွေ့ရှိခဲ့တဲ့ အသက် ၉ နှစ်အရွယ် မြန်မာကလေးရဲ့အလောင်းကို ပိုက်ဆံ မပေးနိုင်လို့ဆိုပြီး တရုတ်ဆေးရုံက ထုတ်မပေးဘူးလို့ မိခင်ဖြစ်သူက ပြောပါတယ်။

မတ်လ ၃၀ ရက်နေ့က မူဆယ်တဘက်ကမ်း ရွှေလီ–ကြယ်ဂေါင်မြစ်ကူး တံတားအဟောင်း အုတ်တိုင်ကြားမှာ ကလေးရဲ့အလောင်းကို တရုတ်ရဲတွေက တွေ့ရှိခဲ့တာကြောင့် ရွှေလီဆေးရုံကို ပို့ထားတာဖြစ်ပါတယ်။ မိခင်ဖြစ်သူ ကလေးအလောင်းကို ထုတ်ယူဖို့ မြန်မာဘက်က ထောက်ခံစာပေးလိုက်တယ်ဆိုပေမယ့် တရုတ်ဆေးရုံက အလောင်းကိုယူဖို့ တရုတ်ယွမ်ငွေ တထောင့်ရှစ်ရာ နဲ့ညီတဲ့ မြန်မာငွေ သုံးသိန်းခန့်တောင်းခံနေတာဖြစ်လို့ ပေးစရာငွေမရှိဘူးလို့ မိခင်ဖြစ်သူက ပြောပါတယ်။ ငွေကြေးမတတ်နိုင်တဲ့အတွက် မြန်မာဘက်ကို အကူအညီတောင်းရာမှာ ငွေမကုန်စေရဘဲ ကလေးအလောင်းရအောင်ကူညီပေးမယ်၊ မီးသင်္ဂြိုဟ်ပေးမယ်လို့ စည်ပင်ဦးစီးတဦးက အာမခံပေးပြီး ကျန်တဲ့ငွေကြေး ကုန်ကျမယ့်အပိုင်းကိုတော့ မတတ်နိုင်ဘူးလို့ ပြောတယ်လို့ သူက ပြောပါ တယ်။

နယ်စပ်တာဝန်ကျ မြန်မာဘက်က ရဲတွေကလည်း ဟိုလွှဲ ဒီလွှဲနဲ့ နယ်စပ်ဖြစ်နေတဲ့အတွက် မလုပ်ပေးနိုင်ကြောင်း၊ သူတို့နဲ့မဆိုင်ကြောင်း ပြောတယ်လို့လည်းဆိုပါတယ်။ သေဆုံးသူဟာ ပြီးခဲ့တဲ့ မတ်လ ၂၇ ရက်နေ့က မူဆယ်တဖက်ကမ်း ကြယ်ဂေါင်မြို့မှာ ၈ လသားအရွယ် ညီကို ကျောပိုးပြီး ပလပ်စတစ်ဘူးခွံတွေကို လိုက်ကောက်ရင်း ပျောက်ဆုံးသွားတာပါ။ သေဆုံးသူရဲ့ဖခင်ဟာ အရင်က စည်ပင်ဝန်ထမ်းတဦးဖြစ်ပြီး မိသားစု ၁၁ ဦးအတွက် ဝမ်းရေးမလောက်တာကြောင့် နယ်စပ်ကိုလာပြီး အလုပ်လုပ်ကိုင်နေတာ ၅ နှစ်ရှိသွားပြီလို့သိရပါတယ်။ အခုလောလောဆယ်မှာတော့ နေအိမ်တွေမှာဆေးလိုက်သုတ်ပြီး ဝမ်းစာရှာနေရတာလို့ ဇနီးဖြစ်သူက ပြောပါတယ်။

“ကျမတို့က ဗူးကောက်တယ်။ ယောကျ်ားက ဆေးသုတ်တာ တနေ့မှာ သုံးထောင်ဆိုတော့ မစားလောက်ဘူး။ ကလေးရှစ်ယောက် မိသားစုပေါ့နော်။ ကြယ်ဂေါင်ဘက်ကို ကျမ မဝင်ဘူး။ ညနေပိုင်း ၅နာရီခွဲလောက်ကျမှ ကလေးက ဆင်းပြီးတော့ ဝင်ကောက်လိုက်တာ။ ပထမပိုင်း တနေကုန်ကောက်တုန်းကတော့ သူ့ညီလေးကျောပိုးပြီး ဆယ်မိနစ်လောက်နေလိုက် ပြန်တက်လာလိုက်ပေါ့။ အဲနေ့ ညမှ ညနေခေါက်ကျတော့ ၁၀ မိနစ်လောက်ကြာတော့ တက်မလာလို့ တညလုံး ရှာတာ မတွေ့တော့ဘူး။”

သေဆုံးသူနဲ့ပါသွားတဲ့ ၈ လသား အရွယ်ညီဖြစ်သူကိုလည်း အခုထိ ရှာမတွေ့သေးဘူးလို့ ပြောပါတယ်။ ဒီသေဆုံး၊ ပျောက်ဆုံးမှုမှာ တချို့က လူမှောင်ခိုတွေ ဖမ်းဆီးခေါ်ဆောင်သွားတယ်လို့ ယူဆနေကြပြီး မူဆယ်ရဲစခန်းနဲ့ လူမှောင်ခိုတိုက်ဖျက်ရေးရုံးတွေကို အကူအညီတောင်းပေမယ့်မရခဲ့ဘူးဟု သူက ပြောပါတယ်။

# ခေတ်နှင့်မလျော်ညီတော့သည့် မတရားသင်းဥပဒေကို ဖျက်သိမ်းရန်လို

**DVB ၊ မတ်လ ၂၉ ။** ။ ဗြိတိသျှ ကိုလိုနီလက်ထက်ကတည်းက စတင်ပြဋ္ဌာန်းတဲ့ မတရားသင်းအက်ဥပဒေဟာ ခေတ်နဲ့မလျော်ညီတော့တာကြောင့် ဖျက်သိမ်းပစ်ပြီး အဲဒီပုဒ်မနဲ့ အကျဉ်းချထားသူတွေကိုလည်း ပြန်လွှတ်ပါလို့ မြန်မာနိုင်ငံရှေ့နေ များကောင်စီ ဘီအယ်လ်စီက တောင်းဆိုလိုက်ပါတယ်။

ကိုလိုနီနိုင်ငံတွေအပေါ် ရေရှည်သြဇာလွှမ်းမိုးဖို့နဲ့ မျိုးချစ်တွေရဲ့ညီညွတ်မှုကို ဖိနှိပ်ဖြိုခွဲဖို့ရည်ရွယ်ပြီး ဗြိတိသျှက ၁၉၀၈ မှာ ဒီဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ လက်ရှိစစ်အုပ်စုအပါအဝင် အစိုးရအဆက်ဆက်က ဒီဥပဒေကိုအသုံးချပြီး တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ နိုင်ငံရေးပါတီတွေကို ဖိနှိပ်နေတာပါ။

“လွတ်လပ်ရေးရပြီးခေတ် အစိုးရအဆက်ဆက်ကလည်း ဒီဥပဒေကို မဖျက်ဘဲနဲ့ တောက်လျှောက်ကျင့်သုံးလာခဲ့တာဟာ လွတ်လပ်ပြီးမြန်မာပြည်အနေနဲ့ လုံးဝမသင့်တော်ပါဘူး” လို့ ဘီအယ်လ်စီ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့ တာဝန်ခံ ဦးမျိုးက ပြောပါတယ်။ မတရားသင်း အက်ဥပဒေပုဒ်မ ၁၇–၁ နဲ့ ၁၇–၂ တို့အရ စစ်အုပ်စုက အရေးယူထားတွေဟာ အေအေပီပီ–ဘီ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းရဲ့ စာရင်းအရ ၃၆၅ ဦး ရှိပါတယ်။ ဒီလူတွေကိုလည်း လွှတ်ရမယ်လို့ ဦးမျိုးက ပြောပါတယ်။

“မတရားအသင်းအဖြစ် ကြေညာထားတဲ့ အဖွဲ့အစည်းတွေကိုလည်း မတရားအသင်းမဟုတ်တော့ပါဘူးလို့ နအဖစစ်အုပ်စုက တရားဝင်ကြေညာရမယ်။” အစိုးရက တရားဥပဒေဘောင်ထဲရောက်တယ်လို့ ကြေညာနေတဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့ တွေကိုလည်း မတရားသင်းအဖြစ် ကြေညာထားရက မပယ်ဖျက်သေးတာဟာလည်း ဥပဒေနဲ့မညီဘူးလို့ ဦးမျိုးက ရှင်းပြပါတယ်။

“မတရားသင်းကြေညာထားတဲ့ အဖွဲ့အစည်းတွေက တရားဝင်ရပ်တည်နေပြီးတော့ မတရားသင်း ကြေညာခြင်းလည်းမခံရတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်နေတဲ့လူတွေကိုကျတော့ ၁၇–၁၊ ၁၇–၂ နဲ့ထောင်ချနေတာဟာ တဖက်ကအဖြူ၊ တဖက်ကအမည်း၊ အဲဒီလိုလုပ်နေတာဟာ ဥပဒေလမ်းကြောင်းအရ လုံးဝမသင့်တော်ပါဘူး။ မတရားသင်းအဖြစ် ကြေညာထားတဲ့သူတွေနဲ့ ငြိမ်းချမ်းရေးယူပြီးပြီဆိုရင် ဒီလူတွေဟာ မတရားသင်း မဟုတ်တော့ပါဘူးဆိုတာကို အစိုးရတရပ်အနေနဲ့တရားဝင်ကြေညာရမယ်။ အဲဒီလို မကြေညာထားတာဟာ မရိုးသားဘူး။ တရားဥပဒေအရလည်း တရားမဝင်ဘူး။” **စာမျက်နှာ ၁၀ သို့**

# ဥပဒေအရ ပြည်ခိုင်ဖြိုးတရားမဝင်

**DVB ၊ မတ်လ၃၁ ။** ။ နိုင်ငံရေးပါတီတရပ်လို ဦးတည်လှုပ်ရှားနေတဲ့ လူမှုရေး အသင်းအဖွဲ့ဖြစ်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းပေးရ မယ်လို့ ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီက ဥပဒေရေးရာ သုံးသပ်ချက်တရပ် ထုတ်ပြန်လိုက်ပါတယ်။

ဒီအသင်းကို ၁၉၉၃ ခုနှစ် စက်တင်ဘာလမှာ အာဏာသိမ်း နဝတအဖွဲ့က ဦးဆောင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး နာယကအဖွဲ့ဝင်တွေဟာ စစ်တိုင်းမှူးတွေဖြစ်သလို နာယကချုပ်ကြီးတာဝန်ကို ဗိုလ်ချုပ်သန်းရွှေကိုယ်တိုင် တာဝန်ယူထားတာဖြစ်ပါတယ်။ ဒီအသင်းမှာ အဖွဲ့ဝင်အင်အား သန်း ၂၀ ကျော်ရှိတယ်လို့ စစ်အုပ်စုက ပြောဆိုနေသလို စတင်ဖွဲ့စည်းစဉ်ကတည်းက ကျောင်းသားလူငယ်တွေ၊ ဝန်ထမ်းတွေကို အသင်းဝင် မဝင်မနေရ ဝင်ခိုင်းခဲ့ပါတယ်။ ဒီအသင်းမှာ တပ်မတော်သားတွေ၊ ရဲတွေ၊ အခြားဝန်ထမ်းတွေ ပါဝင်နေသလို စစ်အုပ်စုရဲ့ တိုက်ရိုက်သြဇာခံအသင်းတခုဖြစ်နေတာကြောင့် စစ်အုပ်စုကိုယ်တိုင်ပြဋ္ဌာန်းထားတဲ့ အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနဲ့ မကိုက်ညီဘူး၊ ဒီအသင်းဟာ အသင်းရဲ့ မူလရည်ရွယ်ချက်နဲ့မကိုက်ညီတဲ့လှုပ်ရှားမှုတွေကိုလည်းလုပ်ဆောင်ခဲ့တာကြောင့် ဖျက်သိမ်းရမယ်လို့ မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့ တာဝန်ခံ ဦးမျိုးက ပြောပါတယ်။

“ဗဟန်းမြို့နယ်က အမှတ် ၂ အခြေခံပညာရေး အထက်တန်းကျောင်းရှေ့မှာတကြိမ်၊ နောက်တခု ဒီပဲယင်းမှာလည်းတကြိမ် တရားဝင်ကြံ့ဖွံ့က ပါတယ်ဆိုတာ၊ ကြံ့ဖွံ့က စီစဉ်တယ်ဆိုတာကို နိုင်ငံတကာ အားလုံးသိပါတယ်။ ကျနော်တို့ပြောရတာက နောက်ထုတ်ထားတဲ့ဥပဒေကို ကိုယ်ကိုယ်တိုင် လိုက်နာရမယ်ဆိုတဲ့ နိုင်ငံတကာမှ ဥပဒေစည်းမျဉ်းစည်းကမ်းမှာရှိပါတယ်။ မလိုက်နာလို့ရှိရင် မလိုက်နာတဲ့လူတွေ အပြစ်ပဲဖြစ်ပါတယ်။”

အသင်းကို နိုင်ငံရေးပါတီတရပ်အသွင် ကူးပြောင်းမယ်လို့ ကြံ့ခိုင်ရေးအသင်းက ပြောဆိုချက်တွေ၊ အသွင်ပြောင်းမယ့်နိုင်ငံရေးပါတီအတွက် ကြိုတင်စည်းရုံးနေပုံတွေကို ထောက်ပြထားပြီး ဒီအချက်တွေဟာ ၁၉၀၈ ခုနှစ် မတရားသင်းဥပဒေကို ချိုးဖောက်ပြီး အကြမ်းဖက်မှုတွေ ကျူးလွန်တယ်၊ ၁၉၈၈ ခုနှစ် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၅ ဃကို ချိုးဖောက်တာကြောင့် လက်ရှိအာဏာပိုင်တွေ တရားဥပဒေစိုးမိုးရေးကို လေးစားတယ်ဆိုရင် ကြံ့ခိုင်ရေးအသင်းကို ဖျက်သိမ်းရမယ်လို့ သုံးသပ်တင်ပြထားပါတယ်။

# သာသနာကိုနှောင့်ယှက်မှုအား သံဃာ့နာယကအား တိုင်ကြားမည်

**DVB ၊ မတ်လ ၂၉ ။** ။ အာဏာပိုင်တွေက သာသနာတော်အပေါ် နှောင့်ယှက်မှုတွေနဲ့ပတ်သက်ပြီး သံဃာတော်တွေ လက်မှတ်ရေးထိုးကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကို တင်ပြတောင်းဆိုဖို့ စတင်ဆောင်ရွက်နေပါတယ်။

၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးပြီးကတည်းက သံဃာ့တရားပွဲတွေကို အာဏာပိုင်တွေ ခွင့်ပြုမှဟောခွင့်ရှိတာ၊ ဟောရာမှာလည်း အာဏာပိုင်တွေက စောင့်ကြပ်ကြည့်ရှုတာ၊ တရားခွေတွေကို သိမ်းတာ စတာတွေဖြစ်ပွားနေလို့ မကွေးတိုင်း သံဃာတော်တွေက ဒီလိုဆောင်ရွက်တာပါလို့ ဦးစီးလုပ်ဆောင်နေတဲ့ သံဃာတပါးက မိန့်ကြားပါတယ်။

“ဦးဇင်းတို့အနေနဲ့ ကျင့်ရမယ့်ကျင့်ဝတ် ဖ ဖြာ၊ တရားဟောတာ၊ တရားပြတာ အဓိကကျတယ်၊ အဲဒီ လို အတင်းအဓမ္မ ပိတ်ပင်တားဆီးနေတာတွေကို ဆရာတော်ကြီးတွေက မသိလို့ပဲလား သိရက်သားနဲ့ပဲ ခွင့်ပြုထားလားဆိုတာကို သိဖို့အတွက် ဦးဇင်း တင်ပြခြင်းဖြစ်တယ်။”

စလေမြို့ အဘယလာဘမုနိဓမ္မာရုံမှာ နှစ်စဉ်ကျင်းပနေကျ တရားပွဲကို အာဏာပိုင်က တားမြစ်ရာက ဒီလှုပ်ရှားမှု ချက်ချင်း စတင်လာတာလို့လည်း မိန့်ပါတယ်။

“စလေတိုက်နယ်ဥက္ကဋ္ဌ သန်းဌေးအောင်က တပို့တွဲလဆန်း ၁၂ ရက်ကနေ ၁၃ ရက် ကျင်းပလေ့ရှိတဲ့ တရားပွဲကို ပိတ်ပင်လိုက်တယ်။”

လက်မှတ်ရေးထိုးခဲ့တဲ့ သံဃာတပါးကလည်း ခုလို မိန့်ကြားပါတယ်။

“နိုင်ငံတော်သံဃာ့မဟာနာယကကို တရားပွဲတွေပိတ်ပင်မှုကို ဆရာတော်ကြီးတွေအနေနဲ့ တားမြစ် ပေးဖို့လေ။”

မကွေးတိုင်း မြို့နယ်အသီးသီးက စာချဆရာတော်တွေ၊ ကျောင်းထိုင်ဆရာတော်တွေကပါ လက်မှတ်ထိုးနေကြပြီး စလေ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ ဆိပ်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ စကု၊ မင်းဘူး၊ ပွင့်ဖြူ စတဲ့နယ်တွေရှိ သံဃာတော်တွေက ဒီတောင်းဆိုစာမှာ လက်မှတ်ရေးထိုးနေကြပါတယ်၊ နိုင်ငံအနှံ့လုပ်ဆောင်သွားမယ်လို့ ဦးဆောင်သံဃာတော်တွေက မိန့်ပါတယ်။



# သတင်းတိုထွေးဖတ်စရာကဏ္ဍ

ကျော်စိုးထွေး

## အမေရိကန်ရဲ့ဆန်အလှူ

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ပြည်သူတွေအတွက် အမေရိကန်ပြည်ထောင်စုက ဆန်တန်ချိန် ၁၆၀၀၀ ကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကနေတဆင့် ပေးလှူလိုက်တယ်လို့ သိရပါတယ်။ အဲဒီထောက်ပံ့အလှူဟာ ဒေါ်လာ ၂၈ သန်း ဘိုးကူညီထောက်ပံ့မှုရဲ့တစိတ်တပိုင်းဖြစ်ပါတယ်။ မုန်တိုင်းဘေးခံခဲ့ရတာ တနှစ်နီးပါးရှိခဲ့ပေမဲ့လည်း တချို့တွေက ယာယီခိုလှုံရာနေရာတွေမှာ ရေနဲ့ စားနပ်ရိက္ခာမလုံလောက်ပဲ နေထိုင်နေရတုန်းလို့ သိရပါတယ်။ **(REUTER, 2.4.2009)**

## အရေးပေါ်လေယာဉ်ဆေးရုံ

မြန်မာနိုင်ငံတွင်းက ဘယ်လေယာဉ်ကွင်းကိုပဲဖြစ်ဖြစ် ရောက်အောင်သွားပြီး အရေးပေါ်လူနာဆေးကုသမှုတွေကိုပေးမယ့် ပုဂ္ဂလိကလေယာဉ်ဆေးရုံကို စတင်လုပ်ဆောင်ဖို့ စီစဉ်နေပြီလို့သိရပါတယ်။ လူ ၁၈ ယောက်ဆန့်တဲ့လေယာဉ်နဲ့ စင်းလုံးငှားနေ့ချင်းပြန်ခရီးကိုလည်း စီစဉ်ထားပါသေးတယ်။ မြန်မာပြည်မှာ လေယာဉ်စင်းလုံးငှားပြီး ပြည်တွင်းခရီးသွားနိုင်လောက်အောင် ချမ်းသာနေတဲ့သူတွေလည်းရှိနေပြီလို့ ခန့်မှန်းလို့ရပါတယ်။ **(XINHUA, VOB, 2.4.2009)**

## ယဉ်ကျေးမှုဆန့်ကျင်ရင်ပြစ်ဒဏ်

နအဖစစ်အာဏာပိုင်တွေက မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလအတွင်းမှာ မြန်မာ့ယဉ်ကျေးမှုနဲ့ဆန့်ကျင်တဲ့ကပြသီဆိုမှုတွေကို လုပ်ဆောင်ရန် ပြင်းထန်တဲ့ အရေးယူမှုတွေကိုလုပ်မယ်လို့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။ သရုပ်ပျက်တဲ့ အဝတ်အစားဝတ်တာ၊ နိုင်ငံရေးသင်္ကေတပါတဲ့အဝတ်အစားဝတ်တာ၊ ယဉ်ကျေးမှုနဲ့ မညီတဲ့သီချင်းတွေကိုသီဆိုတာတွေ မလုပ်ကြဖို့အာဏာပိုင်တွေက ဆိုပါတယ်။ **(XINHUA, 2.4.2009)**

## စပါးမှောင်ခို

မြန်မာနိုင်ငံထဲကနေ ထိုင်းနိုင်ငံမဲဆောက်မြို့ထဲကို စပါးမှောင်ခိုထုတ်တာတွေဟာ အမြတ်အစွန်းအတော်ရကြလို့ လုပ်ကိုင်လာသူတွေများပြားလာတယ်လို့သိရပါတယ်။ ညဘက်တွေမှာ မှောင်ခိုခိုးထုတ်ကြတာဖြစ်ပြီး အကျင့်ပျက်လာဘ်စားတဲ့ ဝန်ထမ်းတွေကို ဘတ် ၂ သန်းလောက်ပေးပြီး စပါးတင်တဲ့ထရပ်ကားအစင်း ၈၀ လောက်ဟာ ညတိုင်းလိုလိုထိုင်းနိုင်ငံထဲကို ဝင်ရောက်နေပါတယ်။ **(THE NATION, 2.4.2009)**

## အစိုးရနဲ့ညီညွတ်ကြပါတဲ့

နအဖဝန်ကြီးချုပ်သိန်းစိန်က မြန်မာပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စစ်အစိုးရနဲ့ညီညွတ်မှုရှိတယ်ဆိုတာကို ပြသကြပါဆိုပြီး တိုက်တွန်းလိုက်ပါတယ်။ အဲဒါအပြင် လုပ်ငန်းရှင်တွေကို ရွေးကောက်ပွဲကျင်းပနိုင်ရေးမှာ အစိုးရကို ကူညီသင့်တယ်လို့ ဆိုပါသေးတယ်။ **(AFP, 31.3.2009)**

## တရုတ်လက်ချက် ရမ်းဗြဲအထိနာ

ရမ်းဗြဲကျွန်းဟာ ရေနံနဲ့ဓာတ်ငွေ့ အသည်းအသန်ရှာဖွေနေတဲ့ တရုတ်တို့ရဲ့လက်ချက်ကြောင့် ထိခိုက်ပျက်စီးနေတယ်လို့ သိရပါတယ်။ စမ်းသပ်ရှာဖွေမှုတွေကြောင့် လူ ၄ သိန်းလောက် နေတဲ့ကျွန်းမှာ လယ်တွေပျက်၊ စိုက်ခင်းတွေပျက်၊ လူတွေရွှေ့ပြောင်းခံရနဲ့ အကြီးအကျယ်ဒုက္ခတွေ့နေရပါတယ်။ **(IPS, 3.4.2009)**

## အင်တာနက်နှင့်မြန်မာ့စီးပွားရေးလုပ်ငန်း

မြန်မာနိုင်ငံမှာ အခုရက်ပိုင်းအတွင်း အင်တာနက်ဆက်သွယ်မှုအမြန်နှုန်းနှေးကွေးသွားတဲ့အတွက် မြန်မာ့စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ကြရတယ်လို့ သိရပါတယ်။ ပြင်ဆင်ရေးလုပ်ငန်းတွေကို မတ်လ ၂၁ ရက်နေ့ကတည်းစတင်ခဲ့တာဖြစ်ပြီး ကနဦးက ၂၅ ရက်နေ့ပြီးမယ်လို့ခန့်မှန်းထားပေမဲ့ ဧပြီ ၃ ရက်နေ့အထိ မပြီးသေးပါဘူး။ အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းအတွက် အဓိကတာဝန်ရှိတဲ့ Myanmar Teleport က ဘယ်တော့ပြီးမလဲဆိုတာ မသိဘူးလို့ ဆိုပါတယ်။ **(AP, 3.4.2009)**

## ရွေးကောက်ပွဲအတွက်ရေဒီယို

စစ်တွေမှာ ပုဂ္ဂလိကကုမ္ပဏီတခုဟာ စစ်အာဏာပိုင်တွေနဲ့ပေါင်းပြီး FM ရေဒီယိုအသံလွှင့်လုပ်ငန်းထူထောင်ထားတယ်လို့ သိရပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲအတွက် ရခိုင်လူထုကို စည်းရုံးရေးဆင်းဖို့ အဲဒီရေဒီယိုအသံလွှင့်လုပ်ငန်းလုပ်ဆောင်တာလို့ သိရပါတယ်။ နအဖဟာ ရွေးကောက်ပွဲကို သူတို့ရဲ့အသက်တမျှ အရေးထားတာကြောင့် အောင်မြင်မှုရဖို့ နည်းမျိုးစုံနဲ့ကြိုးပမ်းနေပါတယ်။ **(NARINJARA, 1.4.2009)**

## ရွှေရှာခြင်းမဟုတ် ယူရေနီယံရှာခြင်း

ရုရှားက Victorious Glory International သတ္တုရှာဖွေရေး ကုမ္ပဏီဟာ ကချင်ပြည်နယ် ဖားကန့်ဒေသကို ရောက်ရှိနေပြီး ယူရေနီယံရှာဖွေဖို့ လုပ်ကိုင်နေတယ်လို့ သိရပါတယ်။ အဲဒီဒေသတွင်းမှာတော့ ရွှေရှာမယ်ဆိုပြီး သတင်းလွှင့်နေပေမဲ့လည်း တကယ်တမ်းမှာတော့ ယူရေနီယံရှာဖို့လုပ်နေတယ်လို့ ဒေသခံတွေက ကျောက်စိမ်းမိုင်းတွေမှာရုရှားတွေကို တွေ့တယ်လို့ ပြောကြပါတယ်။ **(KACHIN NEWS GROUP, 31.3.2009)**

## အာဆီယံစွမ်းအင်ညီလာခံအိမ်ရှင်

မြန်မာပြည်သူလူထုကို လောင်စာနဲ့လျှပ်စစ် လုံလောက်အောင်မပေးနိုင်တဲ့ နအဖစစ်အာဏာရှင်တွေက ၂၇ ကြိမ်မြောက်အာဆီယံစွမ်းအင်ညီလာခံကို အိမ်ရှင်အဖြစ်နဲ့ မန္တလေးမှာ ဂျူလိုင် ၂၇ ရက်နေ့ကနေ ၃၀ ရက်နေ့အထိ ကျင်းပဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ အဲဒီမှာ ကမ္ဘာ့စွမ်းအင်ကိစ္စကို အာရုံထားဆွေးနွေးကြပါလိမ့်မယ်။ မြန်မာပြည်မှာ ဓာတ်ငွေ့တွေ အမြောက်အမြားထွက်ပြီး နိုင်ငံခြားကိုရောင်းတာ ဒေါ်လာ ဘီလီယံနဲ့ချီရပေမဲ့ ပြည်သူတွေမှာတော့ စွမ်းအင်အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပါတယ်။ **(XINHUA, VOB, 30.3.2009)**

## ဘင်္ဂလားစိုးရိမ်မှု

နှစ်နိုင်ငံနယ်စပ်အနီးမှာ မြန်မာဘက်ကနေ သံဆူးကြိုးတွေ အမြောက်အမြားချထားတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနက နယ်စပ်တလျှောက်ကို သံဆူးကြိုးကာရံပိတ်ပင်မှာလားဆိုတာကို စိုးရိမ်နေတယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ကီလိုမီတာ ၄၀ အရှည်နယ်ခြားဒေသကို မြန်မာစစ်အာဏာပိုင်တွေက ကာရံဖို့စီစဉ်တာဖြစ်နိုင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က နှစ်ဘက်အကြားနယ်ခြားပြဿနာဖြစ်ခဲ့ပါတယ်။ **(REUTERS, VOB, 30.3.2009)**

# ကရင်ခွဲထွက်အဖွဲ့အားလုံးလက်နက်မဖြုတ်ဘဲနယ်ခြားစောင့်တပ်ဖွဲ့ပေးမည်

**NEJ၊ ဧပြီလ ၃။ ။** နအဖ နှင့်ငြိမ်းချမ်းရေးရယူထားသည့် ကရင်ခွဲထွက်အဖွဲ့များအပါအဝင် ငြိမ်းချမ်းရေးအဖွဲ့များအားလုံး နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲအပြီးတွင် လက်နက်များဖြုတ်သိမ်းမည်မဟုတ်ဘဲ နယ်ခြားစောင့်တပ်များအဖြစ် ပြန်လည်ဖွဲ့စည်းပေးမည်ဟု နအဖ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြောပါတယ်။

စောဌေးမောင်ဦးဆောင်သည့် ကေအဲန်ယူ–ကေအဲန်အဲယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ ၁၈ ရက်က နေပြည်တော်၌တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စောဌေးမောင်နှင့်အဖွဲ့ဝင်များကို အခုလိုပြောခြင်းဖြစ်ပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က "ဒီအဖွဲ့တွေနဲ့ပတ်သက်ပြီးပြောရရင် တပ်မတော်ကနေပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲပြီးရင် ငြိမ်းချမ်းရေးတပ်တွေ ဘာပြဿနာမှမရှိဘူး၊ နယ်ခြားစောင့်တပ်အဖြစ်နဲ့ ငါတို့အကုန်ပြန်ဖွဲ့ပေးမယ်" ဟု ပြောပါတယ်။

ဆွေးနွေးပွဲတွင် စောဌေးမောင်အဖွဲ့အပါအဝင် နအဖ နှင့်ငြိမ်းချမ်းရေးယူထားသည့်အဖွဲ့အစည်းများကိုလည်း စရဖ အရာရှိချုပ်က သွယ်ဝိုက်သောနည်းဖြင့် ခြိမ်းခြောက်ပြောဆိုခဲ့ရာတွင် "နောက်တခုက္ကာ မင်းတို့ကိုငါဖွင့်ပြောလိုက်မယ်၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ပတ်သက်ပြီး မင်းတို့သေနတ်တွေကို အတင်းမသိမ်းဘူး၊ အဓမ္မမခိုင်းဘူး၊ မင်းတို့သေနတ်ထက်ကောင်းတဲ့ သေနတ်တွေ ငါတို့မှာ အများကြီးဘဲ သိတယ်မဟုတ်လား။ ဖထီးတို့သေနတ်ကလေး ဘာရှိလို့လည်း ငါတို့မှာ အများကြီးပေးလို့ရတယ်"ဟုပြောပါတယ်။

ကေအဲန်ယူမှငြိမ်းချမ်းရေးကောင်စီအဖွဲ့သို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည့် ဗိုလ်ချုပ်ကြီးမြ၏သားငယ် စောနေစိုးမြလည်း ၎င်းဆွေးနွေးပွဲတွင်ပါဝင်ခဲ့ရာ ဗိုလ်ချုပ်ကြီးရဲမြင့်က "မင်း ဒီကနေပြန်ရင် ဒီကအခြေအနေတွေကိုပြောပြပါ။ ကျန်တဲ့အဖွဲ့တွေလာမယ်ဆိုရင်လည်း အခုအချိန်အထိ လမ်းဖွင့်ထားတယ်။ မင်းတို့အားလုံးလာနေကြည့်ပါ။ မကြိုက်ရင်ပြန်သွား၊ ငါလည်း ပြောစရာစကားလုံးမရှိတော့ဘူး" ဟု ပြောပါတယ်။

ထိုတွေ့ဆုံပွဲအပြီးတွင် စောနေစိုးမြသည် ကေအဲန်ယူနယ်မြေသို့ပြန်လာပြီး ကေအဲန်ယူအဖွဲ့မှနုတ်ထွက်စာတင်ကာ ကေအဲန်ယူ–ကေအဲန်အဲယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအခြေစိုက်ရာ ကော့ကရိတ်မြို့နယ်၊ ထော့ကိုကိုးကျေးရွာသို့သွားရောက်ပြီး ၎င်းအဖွဲ့၏အဖွဲ့ဝင်တဦးအဖြစ် ကူးပြောင်းသွားခဲ့ပါတယ်။ ၎င်းနှင့်အတူ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်သဲခီးနှင့် ဗိုလ်မဟာဆွေတို့လည်း လိုက်ပါသွားခဲ့ကြပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ပြောကြားသည့် ငြိမ်းချမ်းရေးအဖွဲ့များကို ၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းပေးမည်ကို ဒီကေဘီအေက ထောက်ခံအားပေးကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကျန်ရှိသည့်အဖွဲ့များ၏အခြေအနေနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးအဖွဲ့များအားလုံးနယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းမည့်ကိစ္စကို အားလုံးသဘောတူလက်ခံမည့်ကိစ္စမှာ မဖြစ်နိုင်ကြောင်း၊ ၂၀၁၀ ရွေးကောက်ပွဲပြီးလျှင် အဖြုံအမဲကွဲပြားမည်ဖြစ်၍ ငြိမ်းချမ်းရေးအဖွဲ့အားလုံး နအဖ၏အစီအမံကို လိုက်နာမှုရှိ မရှိဆိုသည်ကို စောင့်ကြည့်ရမည်ဟု ကရင်အမျိုးသားအစည်းအရုံးအဖွဲ့၏ အဆင့်မြင့်ခေါင်းဆောင်တဦးက ပြောပါတယ်။

# အွန်လိုင်းကနေ စာအုပ်ရောင်းတဲ့လုပ်ငန်း အလုပ်မဖြစ်

**DVB၊ ဧပြီလ ၂။ ။** နိုင်ငံတကာမှာစာအုပ်တွေကို အီလက်ထရောနစ်အသွင်ပြောင်းပြီး အင်တာနက်ကနေ ရောင်းချတဲ့လုပ်ငန်းတွေ စီးပွားဖြစ်ပေမယ့် မြန်မာနိုင်ငံမှာတော့ အင်တာနက်ကနေ စာအုပ်ရောင်းချတဲ့လုပ်ငန်းဟာ မအောင်မြင်ပါဘူး။

အီးဘွတ်ရှော့ပင်းလို့ခေါ်တဲ့ အင်တာနက်ကနေ မြန်မာဂျာနယ်၊မဂ္ဂဇင်း၊ ဝတ္ထုစတဲ့ စာအုပ်စာတမ်းတွေ ဝယ်လို့ရအောင်လုပ်တဲ့ လုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေဟာ ၂၀၀၃ ခုနှစ်လောက်ကတည်းက ရန်ကုန်မှာ စတင်တည်ရှိခဲ့တယ်ဆိုပေမဲ့လည်း စစ်တမ်းကောက်ယူထားတာမရှိတဲ့အတွက် ဘယ်နှစ်ခုရှိလဲဆို တာတော့ အတိအကျမပြောနိုင်ပါဘူး။ ခန့်မှန်းခြေအားဖြင့် အွန်လိုင်းကနေ စာအုပ်ရောင်းတဲ့လုပ်ငန်း သုံးလေးခုလောက်တော့ရှိမယ်လို့ယူဆရပြီး ဒီလုပ်ငန်းကိုလုပ်ကိုင်သူတွေဟာ တိုင်းပြည်အနေအထားအရ ၂၀၀၆ ခုနှစ်လောက်မှာ အီလက်ထရောနစ် ဆက်သွယ်ရေးလုပ်ငန်းတွေ တိုးတက်လာလောက်တယ်၊ အီးဘွတ်ရှော့ပင်းလုပ်ငန်းလဲ အဆင်ပြေလောက်တယ်လို့မှန်းခဲ့ကြပေမယ့် အခုတော့ လုပ်ငန်းက နေးနေတယ်လို့ အွန်လိုင်းစာအုပ်ရောင်းချရေးလုပ်ငန်းလုပ်နေတဲ့အဖွဲ့တခုက တာဝန်ရှိသူတယောက်က ပြောပါတယ်။ ပြည်ပကဝယ်ယူတဲ့သူတွေလည်း ဝယ်မရဘူးပြောတယ်ဆိုတော့ သူက ခုလိုရှင်းပြပါတယ်၊

"မဖြစ်ဘူးဆိုတာ အဓိကက E-Commerce ကြောင့်ဖြစ်တာပေ့ါ။ ဒါပေမဲ့ online dealing လည်း မဖြစ်ဘူးဗျာ၊ နောက်တခါ Credit Card System တို့ Debit Card Systemတို့ Prepaid Card တို့တွေ ဖြစ်မလာတော့ ကျနော်တို့က E-Commerce က လုပ်လို့မရဘူးဖြစ်နေတယ်။ ဒီတော့ Online ပေါ်မှာ အရောင်းအဝယ်လုပ်လို့ မရဘူးပေ့ါဗျာ။"

အင်တာနက်ကနေ အရောင်းရဆုံးကတော့ ဂျာနယ်တွေ၊ ဒုတိယက ဘက်ဆဲလားတွေရဲ့ဝတ္ထုတွေနဲ့ ပေဒင်ဟောစာတမ်း စာအုပ်လေးတွေဖြစ်ကြောင်း၊ အင်တာနက်ကနေ စာအုပ်ရောင်းတဲ့လုပ်ငန်းက စီးပွားရေးအရတော့ တွက်ခြေမကိုက်ပေမဲ့ ရင်းနှီးမြှုပ်နှံပြီးသားဖြစ်နေလို့သာ ဆက်လုပ်နေရတာဖြစ်ပြီး အခြေခံလိုအပ်ချက်တွေပြည့်စုံမှ ဒီလုပ်ငန်းအောင်မြင်နိုင်မယ်လို့ သူက ဆက်ပြောပါတယ်။

အင်တာနက်ကနေစာအုပ်ရောင်းတဲ့ အီးဘွတ်ရှော့ပင်းလုပ်ငန်း ဘာကြောင့်မအောင်မြင်တာလဲဆိုတာနဲ့ပတ်သက်ပြီး စာရေးဆရာအယ်ဒီတာ ဆရာဟိန်းလတ်က

"ငွေရေးကြေးရေးလည်းပါတယ်။ စာအုပ်ဝယ်ဖို့တောင်အများစုကအခက်အခဲတွေ့နေတဲ့ ကာလမှာ ကွန်ပျူတာတို့၊ လက်ပ်တော့ပ်တို့ကအစ အီလက်ထရောနစ်ပစ္စည်းတွေဝယ်နိုင်ဖို့ ပရိသတ်တွေအတွက် တော်တော်လိုပါတယ်"

**တဘက်သို့**

**ကျောဖုံးမှ**

ဗန်းမော် NLD အဖွဲ့ဝင်တွေတွေ့ဆုံပွဲကို အာဏာပိုင်တွေထံကြိုတင်ညှိနှိုင်းတင်ပြထားတဲ့အတွက် တစုံတရာနှေင့်ယှက်ခံရတာမရှိဘူးလို့လည်း ဦးဇော်သင်းကပြောပါတယ်။ မမြင်တာကြာနေပြီဖြစ်တဲ့ ဗန်းမော်မြို့က NLD အဖွဲ့ဝင်တွေရဲ့လှုပ်ရှားမှုကို ပြန်မြင်ရတဲ့အခါ သာမန်ပြည်သူတွေအနေနဲ့ဝမ်းသာပီတိဖြစ်ရတဲ့အကြောင်း ဗန်းမော်မြို့ခံတယောက်ကပြောပါတယ်။

ဗန်းမော်မြို့ခံကဘဲ"အယောက် ၂၀ လောက်ရှိမယ်ထင်တယ်၊ သူတို့အစည်းအဝေးလုပ်နေကြတာ၊ လူတွေကဒီလိုမျိုးဖမ်းဆီးနေတဲ့ကြားထဲမှာ သတ္တိရှိရှိလုပ်နေကြတယ်ဆိုတော့ စိတ်ချမ်းသာနေကြတယ်ပေ့ါဗျာ။ အဲဒီလူတွေကိုမြင်ပြီးတော့ ပီတိတွေဖြစ်နေတာ ဘေးကနေကြည့်ရတာ စိတ်ကြည်နူးနေကြတာ လူတွေကဒါမျိုးတွေရှိသေးတယ်။ ဝမ်းသာနေကြတာ။"

# တကမ္ဘာလုံးစီးပွားပျက်ချိန် မြန်မာက စီးပွားရေးဖွံ့ဖြိုးဟု ဗိုလ်သိန်းစိန်က ညာပြော

**Mizzima | ဧပြီလ ၂ ။** ။ ကမ္ဘာနှင့်အဝန်း စီးပွားရေးကျဆင်းမှု ဂယက်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်မာနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုး တိုးတက်ခဲ့သည်ဟု စစ်အစိုးရဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်က ပြောပါတယ်။

"စတုတ္ထ ၅ နှစ်စီမံကိန်းရဲ့တတိယနှစ်ဖြစ်တဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်မှာ ဂျီဒီပီတန်ဘိုး ကျပ် ၁၇၁၄၂.၇ ဘီလီယံနှင့် တိုးတက်မှုနှုန်း ၁၀.၇% ရရှိထားပြီးဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်သိန်းစိန်က နေပြည်တော်တွင် တနင်္လာနေ့က ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၁၈ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားသွားခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှစ်သည် ဧပြီ ၁ ရက်နေ့မှစတင်ကာ မတ်လကုန်တွင်အဆုံးသတ်ပါတယ်။ ကုန်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုပမာဏ ၉.၈ ဘီလီယံနီးပါးသာရှိခဲ့သော်လည်း ၂၀၀၈–၂၀၀၉ ဏ္ဍာနှစ်မကုန်ဆုံးမီ ဖေဖော်ဝါရီလတွင်ပင် ၁၀.၂ ဘီလံကျော်အထိရှိနေပြီး ၄%ကျော်တိုးတက်ခဲ့သည်ဟု ဝန်ကြီးချုပ်ကပြောကြားသွားပါတယ်။

ထို့အပြင် ကုန်သွယ်မှုပို‌ငွေမှာလည်း ၂.၅ ဘီလီယံအထိရှိခဲ့ပြီး နိုင်ငံတွင်းလူတဦးချင်းဝင်ငွေမှာလည်း ကျပ် ၉ သောင်းကျော်တိုးတက်ခဲ့ရာ တနှစ်ပျမ်းမျှကျပ် ၅ သိန်းနီးပါးရှိသည်ဟုပြောဆိုပါတယ်။ စစ်အစိုးရက နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းကို တနှစ်လျှင် ၁၂ %ရရန်မျှော်မှန်းထားခဲ့ပါတယ်။ ဝေဖန်သူများကတော့ စစ်အစိုးရရဲ့စာရင်းဇယားများအပေါ် သံသယကြီးစွာထားရှိကြပါတယ်။ နိုင်ငံ၏ စီးပွားရေးအချက်အချာဒေသတခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့ နာဂစ်လေမုန် တိုင်းတိုက်ခိုက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းအများစု ပျက်စီးဆုံးရှုံးမှုကြီးစွာနှင့်ကြုံတွေ့ခဲ့ရခြင်း၊ ကမ္ဘာနှင့်အဝှမ်းကြုံတွေ့နေရသော စီးပွားရေးကျဆင်းမှုကြောင့် စီးပွားရေးကဏ္ဍအသီးသီးမှ ကုန်သည်များ ပြည်ပအမှာစာများများစွာလျော့ကျလာခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့်အတွက် စီးပွားရေးတိုးတက်မှုကို ထိုခိုက်စေခဲ့သည်ဟု ထောက်ပြကြပါတယ်။

မြန်မာနိုင်ငံ၏နိုင်ငံခြားဝင်ငွေ အဓိကလုပ်ငန်းများမှာ သဘာဝဓါတ်ငွေ့တင်ပို့ရောင်းချခြင်း၊ ကျွန်းသစ်၊ ရေလုပ်ငန်းနှင့်ကျောက်မြတ်ရတနာရောင်းချခြင်းများဖြစ်ပါတယ်။ ပြီးခဲ့သည့်စနေနေ့ကကျင်းပခဲ့သော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် သစ်လုပ်ငန်းရှင်များက ပြည်ပမှသစ်အမှာစာများ လုံးဝနီးပါးရပ်ဆိုင်းသွားခဲ့ရသည်ဟု ဆွေးနွေးသွားခဲ့ပါတယ်။

"ပုဂ္ဂလိကလုပ်ငန်းရှင်တွေကတော့ အကုန်လုံးစီးပွားရေးတွေကျပါတယ်၊ ပြည်ပကမှာလို့တင်ပို့ရရင်လည်း ဈေးနှိမ်ပေးတာနဲ့ဘဲကြုံရတယ်။ အထည်ချုပ်လုပ်ငန်းဆိုလည်း အမှာစာတွေမရှိတော့ဘူး။ ပဲတို့ဘာတို့ဆိုရင်လည်း နိုင်ငံတကာကိုလှည့်ပြီး မနည်းလိုက်စပ်ရောင်းနေရတယ်"ဟု ကုန်သည်စက်မှုအသင်းချုပ်အမှုဆောင်တဦးကပြောပါတယ်။

"ကုန်သွယ်မှုပမာဏတက်လာတယ်ဆိုရင်တော့ အစိုးရကဏ္ဍကဆောင်ရွက်တဲ့ ရေနံတို့၊ သဘာဝဓာတ်ငွေ့တို့ တင်ပို့မှုကရတဲ့ငွေများလာလို့ဘဲဖြစ်လိမ့်မယ်"ဟု သူက ထပ်ပြောပါတယ်။

---

# မီးရထားရုံပိုင် ငွေတောင်းပြီးလိမ်ပြော

**DVB | ဧပြီလ ၃ ။** ။ မန္တလေးတိုင်း မြင်းခြံမြို့က မီးရထားရုံပိုင်ကြီးက ဘူတာက ဆိုင်ခန်းရှင်တချို့ကိုခေါ်ယူပြီး ကိုယ်ကျိုးအတွက် ငွေဆယ်သိန်းတောင်းခံတယ်ဆိုတာ မဟုတ်မှန်ကြောင်း လက်မှတ်ထိုးခိုင်းတယ်လို့ အမည်မဖော်လိုတဲ့ သွားရောက်ခဲ့သူ ဆိုင်ခန်းဝန်ထမ်းတဦးက ပြောပါတယ်။

လွန်ခဲ့တဲ့လေးရက်ခန့်က မီးရထားဘူတာရုံပိုင်ကြီးက မီးရထားတန်းလျားမှာရှိတဲ့ ဆိုင်ခန်းတွေ လျှပ်စစ်မီး ဆက်လိုချင်ရင် ကျပ်ငွေ ဆယ်သိန်းစုပြီး ပေးရမယ်လို့တောင်းခဲ့ပါတယ်။ ဆိုင်ခန်းရှင်တွေက သုံးရက်ကြာတဲ့ထိ မပေးကြတာကြောင့် ဒီလ ၁ ရက်နေ့မှာ ရုံပိုင်ကြီးက ဆိုင်ခန်းတွေကို မီးဖြတ်ခဲ့ပါတယ်။ ဒီကိစ္စကို မကျေနပ်တဲ့ဆိုင်ရှင်တွေက မီဒီယာကို ပြောတာကြောင့် အထက်အာဏာပိုင်တွေသိရှိသွားပြီး ဒီနေ့လာရောက်စစ်ဆေးပါတယ်။ အဲဒီ အာဏာပိုင်တွေရှေ့မှာ ရုံပိုင်ကြီးက ဆိုင်ခန်းပိုင်ရှင်တွေကို ခေါ်ယူပြီး ငွေဆယ်သိန်းတောင်းတာမဟုတ်ကြောင်း လက်မှတ်ထိုးခိုင်းတာလို့ ဆိုပါတယ်။ အဲဒီဆိုင်ခန်းတွေဟာ မြို့နယ်လျှပ်စစ်ဌာနခွင့်ပြုချက်နဲ့ ဆိုင်လေးခန်းကို မီတာတလုံးကျနှုန်းတပ်ဆင်ပြီး မီးရထားဘူတာရုံ ထရန်စဖော်မာကနေ မီးရယူနေတာဖြစ်ပါတယ်။

ဒါပေမယ့် မကြာသေးခင်က ဘူတာထရန်စဖော်မာကနေ မီးဆက်မပေးဖို့ရုံပိုင်ကြီးကို ညွှန်ကြားတယ်လို့ ဆိုပါတယ်။ အဲဒီအခါ ရုံပိုင်ကြီးက မြို့နယ်လျှပ်စစ်ဌာနကို ပြောရမှာဝန်ထမ်းတွေက တခြားရပ်ကွက်က ထရန်စဖော်မာကနေ ချိတ်ရင် အထွေထွေကုန်ကျစရိတ် ငါးသိန်းနီးပါးကျမယ်လို့ တောင်းဆိုခဲ့ပါတယ်။ ဒါကို မီးရထားရုံပိုင်ကြီးက နှစ်ဆမြှင့်တင်ပြီး ဆယ်သိန်းတောင်းတာကြောင့် ဆိုင်ခန်းသမားတွေက မပေးနိုင်ဘူးလို့ တင်းခံကြတာလို့ဆိုပါတယ်။ ရုံပိုင်ကြီးက ရုတ်တရက်မီးဖြတ်လိုက်တာကြောင့် ဆိုင်ခန်းပေါင်း ခြောက်ဆယ်နီးပါးဟာ လျှပ်စစ်မီးမရဘဲ မှန်အိမ်၊ မီးခွက် စတာတွေနဲ့ ဆိုင်ဖွင့်နေရတယ်လို့ သိရပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ရုံပိုင်ကြီးဖုန်းနံပါတ် ၀၆၆ ၂၁၅၀၈ ကို ဆက်သွယ်မေးမြန်းဖို့ ကြိုးစားပေမယ့် ဆက်သွယ်လို့ မရပါဘူး။

---

# ရန်ကုန်မှ နှစ်လောင်းပြိုင်လူသတ်မှု

**DVB | ဧပြီလ ၂ ။** ။ ရန်ကုန်မြို့ဗိုလ်တထောင်မြို့နယ်အတွင်းမှာ နှစ်လောင်းပြိုင် လူသတ်မှုတစ်ခုဖြစ်ပွားခဲ့တယ်လို့ ဗိုလ်တထောင်ရဲ စခန်းက ပြောပါတယ်။

လူသတ်မှုဖြစ်ပွားပုံကိုတော့ စုံစမ်းနေဆဲဖြစ်ပြီး လင်မယားနှစ်ယောက်အသတ်ခံရတာဖြစ်တယ်လို့ ဗိုလ်တထောင်ရဲစခန်း တာဝန်ကျရဲက ပြောပါတယ်။ အလောင်းတွေကို ဆေးစစ်နေဆဲဖြစ်ကြောင်းသာ ပြောကြားနိုင်ပြီး ဖြစ်ပွားပုံအသေးစိတ်ကိုတော့ အဲဒီတာဝန်ကျရဲက ဖြေဆိုနိုင်ခြင်း မရှိပါဘူး။ သီးခြားအတည်မပြုနိုင်သေးပေမယ့် သေဆုံးသူနှစ်ဦးဟာ ဗိုလ်တထောင် လမ်းသွယ် ၂ ထဲက တိုက်ခန်းအမှတ် ဖ/၈ လေးလွှာမှာ နေထိုင်တဲ့ အသက် ၄၀ ကျော်အရွယ် သဘော်သားကိုခင်မောင်လေးနဲ့ ဇနီးဖြစ်သူ မအေးအေးဝင်းဖြစ်တယ်လို့ သိရပါတယ်။ သူတို့အခန်းထဲက အပုပ်နံ့ထွက်လာမှ သေတယ်ဆိုတာ အိမ်နီးချင်းတွေ သိရတာလို့လည်း ဆိုပါတယ်။

---

**တဘက်မှ**

အင်တာနက်ကနေရောင်းတဲ့ စာအုပ်ဈေးနှုန်းတွေ လေ့လာကြည့်တော့ မဂ္ဂဇင်းတွေက အမေရိကန် ဒေါ်လာ ၂ ဒေါ်လာကနေ ၃ ဒေါ်လာခွဲလောက်အထိ နာမည်ပေါ်မှုတည်ပြီး ရောင်းနေပါတယ်။ ဝတ္ထုအပါအဝင် အခြား သုတ ရသစာအုပ်တွေကတော့ ၂ ဒေါ်လာခွဲလောက်ကနေ ၅ ဒေါ်လာခွဲ လောက်အထိ အသီးသီးရောင်းနေတာတွေ့ရပါတယ်။ စာဖတ်ဝါသနာပါတဲ့ ရန်ကုန်သူတယောက်ကတော့ အင်တာနက်တွေကနေတော့ အလကားရတဲ့ စာအုပ်တွေတောင် ဒေါင်းလုပ် လုပ်မရလို့ မဖတ်ရဘူးလို့ ပြောပါတယ်။

# စင်္ကာပူတွင် လဘက်နှင့်ပတ်သက်၍ အာဏာပိုင်များကသိမ်းဆည်းပိတ်ပင်မှုများပြု

**DVB ၊ ဧပြီ ၁ ။** ။ စင်္ကာပူက ဆိုးဆေးပါတယ်လို့ တားမြစ်ပိတ်ပင်လိုက်တဲ့ လက်ဖက်စားကုန်တွေထဲမှာ မြန်မာကျန်းမာရေးက ထုတ်ပြန်တဲ့စာရင်းထဲမပါတဲ့ နာမည်ကျော် ယုဇနလက်ဖက်နဲ့ စိုးဝင်းတီးမစ်တို့ ပါဝင်နေပါတယ်။

စင်္ကာပူနိုင်ငံ စိုက်ပျိုးရေး၊ စားသောက်ကုန်နဲ့ တိရစ္ဆာန်ဆေးကုအာဏာပိုင်အဖွဲ့က မတ်လ ၃၀ ရက်နေ့ ရက်စွဲနဲ့ ထုတ်ပြန်လိုက်တဲ့ ဆိုးဆေးပါ မြန်မာစားကုန် ၂၀ ထဲမှာ မြန်မာကျန်းမာရေးက ထုတ်ပြန်တဲ့ကြေညာချက်ထဲမပါတဲ့ နာမည်ကျော် ယုဇနလက်ဖက်နဲ့ စိုးဝင်းတီးမစ်တို့ ပါဝင်နေတာကို အဲဒီအဖွဲ့ရဲ့ တရားဝင်အင်တာနက်စာမျက်နှာမှာဖော်ပြထားပါတယ်။ တားမြစ်လိုက်တဲ့ စားကုန် ၂၀ ထဲမှာ ယုဇနလက်ဖက် ၈ မျိုး၊ အရီးတောင်းလက်ဖက် ၄ မျိုး၊ လုံမေ လက်ဖက် ၄ မျိုး၊ ရွှေတုပ် လက်ဖက် ၁ မျိုး၊ စိုးဝင်းတီးမစ်ထုပ် ၁ မျိုး၊ ပင်ပျိုရွက်နုလက်ဖက် ၁ မျိုးနဲ့ ဦးကာက လက်ဖက်ခြောက်ထုပ် ၁ မျိုး၊ စုစုပေါင်း ၇ မျိုးပါဝင်ပါတယ်။ စင်္ကာပူက မြန်မာစားကုန်တွေရောင်းတဲ့ ဆိုင်တဆိုင်က ဆိုးဆေးပါတဲ့ လက်ဖက်ထုပ်တွေ စစ်ဆေးခံရတာနဲ့ပတ်သက်ပြီး ကိုယ်တိုင်အတွေ့အကြုံကို ပြောပါတယ်။

"မြန်မာနိုင်ငံ ကျန်းမာရေးကနေ စာလာတယ်တဲ့။ ၄၃ မျိုးမှာ သူတို့စာရင်းအရ ဆိုင်မှာဘာတွေ ရှိသလဲပေါ့။ ကျမတို့ကတော့ အများကြီးမရှိကြောင်း နာမည်ရှိတဲ့ဟာတွေပဲ တင်ကြောင်း၊ အရီးတောင်းရယ်၊ ယုဇနရယ် တင်ကြောင်းပြောတော့ သူ့ကို ပေးလိုက်ပါတဲ့။ စစ်ဆေးချင်တယ်တဲ့။ ကျမတို့ တထုပ်စီပေးလိုက်တယ်။ သူတို့က ဆိုင်တိုင်းမှာ လိုက်တောင်းပါတယ်၊ ကျမတို့က အောဘီအေနဲ့ဆိုတော့ လိုင်စင်တင်ရတယ်။ လိုင်စင်မှတ်တမ်းမှာက ဘယ်နေ့မှာ ဘယ်နှစ်ထုပ်ဆိုတာ မှတ်တမ်းတွေ ရှိပြီးသားလေ။ ဆိုင်ပေါ်တင်ထားတာတွေ ခဏပြန်သိမ်းထားရမလားဆိုတော့ မသိမ်းပါနဲ့ သူတို့ပြန်လာပါ့မယ်လို့ ပြောတယ်။ နောက်နေ့ ချက်ချင်းပြန်လာတယ်၊ သုံးရက်ဆက်တိုက် လာသွားတယ်။ ပေးလိုက်တဲ့လက်ဖက်တွေကလည်း ဆိုးဆေးတွေချည်းပဲတဲ့။ ဆိုင်မှာရှိတဲ့လက်ဖက်ထုပ်တွေ အကုန်ပေးပါတဲ့။ သူတို့သိမ်းသွားချင်တယ်၊ ပစ်မယ်တဲ့။"

ဆိုင်မှာတင်ထားတဲ့ လက်ဖက်တွေ အကုန်သိမ်းသွားကြောင်း၊ စင်္ကာပူမှာ စားကုန်တွေသွင်းရင် စစ်ဆေးခက စင်္ကာပူဒေါ်လာ ၆၀၀ နဲ့ ၈၀၀ ကြား ပေးရကြောင်း၊ လက်ဖက်တထုပ်ကို စင်္ကာပူဒေါ်လာ ၂ ဒေါ်လာခွဲနဲ့ ရောင်းကြောင်း၊ စင်္ကာပူက မြန်မာတွေက လက်ဖက်ထုပ်ဝယ်သုံးပြီး ထမင်းနဲ့စားကြကြောင်း သူကပဲ ပြောပါတယ်။ စင်္ကာပူက နောက်ဆိုင်ရှင်တယောက်က လက်ဖက်တွေ လုံးဝရောင်းလို့ ရ မရဆိုတာနဲ့ပတ်သက်ပြီး ပြောပါတယ်။

"မြန်မာပြည်ကျန်းမာရေးကနေ ပြန်ပြီးခွင့်ပြုတဲ့စာ ထွက်လာရင် တရားဝင်တင်ပို့လို့ရပါတယ်။ ဒါမှမဟုတ်ရင် ကိုယ့်တံဆိပ်နဲ့ကိုယ် တင်လာချင်တယ်ဆို တင်လာပြီး သူတို့ဆီမှာ ပါမပါ စစ်ဆေးပြီးတော့ ပြန်လုပ်ရင်ရပါတယ်။ သူတို့ဆီ ပါမစ်ပြန်တင်ရင် ပါမစ်ပြန်ချပါမယ်။ လုံးဝအမြဲပိတ်လိုက်တာ မဟုတ်ပါဘူး။ တွေ့တဲ့တံဆိပ်၊ တွေ့တဲ့အမျိုးအစားတော့ သူတို့ ရောင်းခွင့်မပေးပါဘူး။"

စင်္ကာပူမှာ မြန်မာစားကုန်ရောင်းတဲ့ဆိုင် ၂၀ လောက်ရှိပြီး ဆိုင်တိုင်းက လက်ဖက်တွေကို သိမ်းကြောင်းနဲ့ စားကုန်တင်ပို့ဖို့ အခက်အခဲရှိနေတုန်းအချိန်ဖြစ်တဲ့အတွက် လက်ကျန် လက်ဖက်ထုပ် နည်းနည်းပဲရှိလို့ ရင်းနှီးဆုံးရှုံးမှု သိပ်မရှိဘူးလို့ အဲဒီဆိုင်ရှင်က ပြောပါတယ်။ စင်ကာပူအာဏာပိုင်အဖွဲ့ရဲ့ ထုတ်ပြန်ချက်ပေါ်...

"ကျနော်တို့ကတော့ လွန်ခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ်လောက်ကတည်းက မှာတဲ့နေရာ မန္တလေးမှာ ဒီကိစ္စ ရှင်းထားတာ။ ဟိုဘက်က ဘာများအလွဲ အချော်ဖြစ်လဲတော့မသိဘူး။ အဲဒါတော့ မဖြစ်နိုင်ဘူးလို့ ကျနော်ထင်တာပေါ့နော်။ ဒီလိုပါခဲ့ရင်လည်း ဒီဘက်အပိုင်းမှာ ဖြစ်နေတဲ့ဟာထဲမှာလည်း ကျနော်တို့ စာရင်းလွတ်စရာ မရှိပါဘူး။ ဟိုဘက်မှာလည်း တခုခုလွဲမှားနေတာ ဖြစ်နိုင်ပါတယ်"။

ယုဇနလက်ဖက်ထုတ်လုပ်ရေးက ပြောတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဗဟိုအစားအသောက်နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ညွှန်ကြားရေးမှူး ဒေါက်တာဦးကျော်လင်းကို စင်္ကာပူအာဏာပိုင်အဖွဲ့ရဲ့ ထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး မှတ်ချက်တောင်းကြည့်တော့ ခုလိုရှင်းပြပါတယ်။

"သူတို့နိုင်ငံမှာလည်း စစ်တဲ့ကိစ္စ၊ ကျနော်တို့နိုင်ငံမှာလည်း စစ်တဲ့ကိစ္စပေါ့။ ဒီမှာကတော့ မတွေ့တော့ မတွေ့ဘူးပဲပေါ့။ သူတို့ကတော့ တွေ့လို့စစ်တယ်ပေါ့။ သူတို့ဘယ်လိုရှာလို့ ဘယ်လိုတွေ့လဲတော့ ကျနော်တို့လည်း မသိဘူး။ သူတို့ကတော့ Auramine O လို့တော့ ရေးကြတာပေါ့။ ဒီမှာလည်း ကျနော်တို့ Auramine O ကိုပဲ စစ်တာပဲ။ လောလောဆယ်တော့ ကျနော်တို့ မတွေ့တာပဲပေါ့။ စစ်တာတော့ တချိန်လုံး စောင့်ကြည့်နေတာပါပဲ။"

လက်ဖက်တွေကို စဉ်ဆက်မပြတ် စစ်ဆေးနေကြောင်း၊ လက်ဖက်တွေမှာ ကင်ဆာကာကွယ်နိုင်တဲ့ ဓာတ်ပါဝင်ပေမယ့် ဆိုးဆေးတွေသုံးတော့ မကာကွယ်နိုင်တဲ့အပြင် ကင်ဆာရောဂါပါဖြစ်ပွားစေနိုင်တဲ့အတွက် ဆိုးဆေးတွေ မသုံးသင့်တော့ဘူးလို့ ဦးကျော်လင်းက ပြောပါတယ်။

---

# တနိုင်ငံလုံး အင်တာနက်နှေးကွေး

**DVB ၊ မတ်လ၃၁ ။** ။ မြန်မာနိုင်ငံမှာ အင်တာနက်နှေးကွေးတာကြောင့် အင်တာနက်ဆိုင်တွေမှာ သုံးစွဲသူ အလွန်နည်းသွားသလို တချို့ဆိုင်တွေ ပိတ်ထားရပါတယ်။ ပုဂ္ဂလိက အင်တာနက်ကိုဝန်ဆောင်မှုပေးနေတဲ့ မြန်မာတယ်လီပို့ဟာ သူတို့ရဲ့ sea-me-we-3 ရေအောက်ကေဘယ်လ် ပြုပြင်နေတာကြောင့် အင်တာနက်တွေ နှေးကွေးနေတာ ဖြစ်တယ်လို့ ကြေညာထားပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂၁ နေ့ကတည်း အဲဒီ ရေအောက်ကေဘယ်လ် ပြင်ဆင်နေတဲ့အတွက် အင်တာနက်နှေးကွေးနေတာဖြစ်ပြီး တနိုင်ငံလုံးမှာ သုံးစွဲလို့ မရတော့သလောက် နှေးကွေးနေတာကြောင့် ဆိုင်တွေပိတ်ထားရတာလို့ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှာရှိတဲ့ အင်တာနက်ဆိုင်တဆိုင်က ပြောပါတယ်။

"နှေးနေတဲ့အတွက် မဖြစ်မနေသုံးရမယ်ဆို သုံးလို့ရတယ်၊ ဒါပေမယ့် တကယ်မြန်မြန်ဆန်ဆန် သုံးချင်တဲ့သူအနေနဲ့ သုံးလို့အဆင်မပြေဘူး။ အဆင် မပြေတဲ့အတွက် အားလုံးပိတ်ထားရတယ်။ အိမ်တွေလည်းသုံးလို့ မရဘူး၊ ဆိုင်တွေလည်းသုံးလို့မရဘူး။ တနိုင်ငံလုံးသုံးလို့မရတာ ပုဂံကော်နက်ရှင်း အကုန်လုံး သုံးလို့မရတော့ဘူး။"

ပုဂံကော်နက်ရှင်းဆိုတာ အခု (မြန်မာတယ်လီပို့) ဖြစ်ပါတယ်။ ဧပြီလ ၃ရက်နေ့ ညနေ ၆ နာရီခွဲလောက်မှာ ပြင်ဆင်မှုပြီးစီးမယ်လို့ ဒီနေ့ ထပ်မံကြေညာထားပါတယ်။ အင်တာနက် နှေးကွေးနေတာကြောင့် လာရောက်သုံးစွဲသူမရှိလို့ သူတို့ဆိုင်ကို ပြီးခဲ့တဲ့ မတ်လ ၂၁ ရက်နေ့ကတည်းက ပိတ်ထားရတယ်လို့လည်း အဲဒီစမ်းချောင်းက အင်တာနက်ဆိုင်ပိုင်ရှင်က ပြောပါတယ်။ ရန်ကုန်တိုင်း သံလျင်မြို့မှာရှိတဲ့ အင်တာနက်ဆိုင်တခုကတော့ သူ့ဆိုင်ကို အခုထိဖွင့်ထားပေမယ့် သုံးစွဲသူက ၁၀ ရာခိုင်နှုန်းလောက်ပဲ ရှိတော့တဲ့အတွက် တွက်ချေမကိုက်ဘူးလို့ ပြောပါတယ်။

"သုံးနေရင်းနဲ့ တခါတလေ နာရီဝက် တနာရီကြာ ပြတ်သွားတယ်။ ပြီးရင်ပြန်ကောင်းသွားတယ်။ သူတို့လာတဲ့အချိန်မှာ မရတာနဲ့ကြုံတော့ မလာတော့ဘူးပေါ့၊ ပြီးခဲ့တဲ့စနေနေ့က တနေ့လုံး လုံးဝမရဘူး၊ အရင်ကတော့ သုံးတဲ့သူ ငါးဆယ်ရာခိုင်နှုန်းတော့ရှိတယ်။"

အင်တာနက်နှေးကွေးနေတာကြောင့် အီးမေးလ်သုံးစွဲသူတွေ အခက်တွေ့နေသလို ဆက်သွယ်မှုမှာလွယ်ကူတဲ့ ဂျီတော့ဆိုရင်လည်း ပြောလို့မရလောက်အောင် နှေးကွေးနေတယ်လို့ အင်တာနက်သုံးစွဲသူတွေက ပြောပါတယ်။

# ရောဝတီတိုင်းအာဏာပိုင်များ အခမဲ့လုပ်ပေးခိုင်းစေ

**DVB၊ မတ်လ ၃၁။** ။ ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ်အတွင်းမှာ ဒီလ ၁၈ ရက် နေ့က နယ်မြေခံအာဏာပိုင်တွေက အခမဲ့လုပ်အားပေးခိုင်းစေတယ်လို့ ကျေးရွာ ဒေသခံတွေက ပြောပါတယ်။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်လာမှာဖြစ်လို့ ကျေးရွာ ရယက တွေက ဒေသခံတွေကိုဆင့်ခေါ်ပြီး လုပ်အားပေးခိုင်းစေတာလို့ဆိုပါတယ်။ စက်ဘီးနဲ့ဆိုင်ကယ်သာသွားလို့ရတဲ့ ပိန်းရွာကနေ သာချောင်ရွာဆီ သွားတဲ့လမ်းကို ကားသွားနိုင်အောင် ကျေးရွာ ၇ ရွာက ဒေသခံတွေ တရက်တည်းနဲ့အပြီး အခမဲ့လုပ်အားပေးခဲ့ရတယ်လို့ ဒေသခံတဦးကပြောပါတယ်။ “အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျေးရွာရယကဥက္ကဋ္ဌဖြစ်တဲ့ဦးအောင်ကျော်မိုးနဲ့ ရယက စာရေး ဒေါ်အေးမိစံတို့ကနေ ဆင့်ဆိုတာဖြစ်ပါတယ်။ လုပ်အားပေးခိုင်းတာ မလာရင် နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနှောင့် အယှက်ပေးသူအဖြစ်တရားစွဲမယ်လို့ သက်ဆိုင်ရာကျေးရွာအုပ်စုအာဏာပိုင် တွေက၊ ဥက္ကဋ္ဌက ခြိမ်းခြောက်တယ်။”

အိုင်အဲလ်အိုကိုတိုင်ကြားသူရော ရှေ့နေတွေပါ ဖမ်းဆီးထောင်ချနေတာ မို့လို့ အိုင်အဲလ်အိုကိုလည်းမတိုင်ရဲဘူးလို့ပြောပါတယ်။ ဒေသခံတွေက မတိုင် တန်းရဲတာနဲ့ပတ်သက်ပြီး အိုင်အဲလ်အိုရန်ကုန်ရုံး ဆက်သွယ်ရေးအရာရှိ စတိဗ် မာရှယ်က

“ကျနော်တို့ဘက်ကတော့ တိုင်လာသမျှအပြင်ကို သတင်းမပေါက်ကြား အောင် လျှို့ဝှက်ပြီးထိန်းသိမ်းပေးမှာဖြစ်ပါတယ်။ တိုင်လာတဲ့လူရဲ့ ကိုယ်ရေးအချက် အလက်တွေကိုဖော်ထုတ်ဖို့အချိန် ရောက်မလာမချင်း အိုင်အဲလ်အိုက လျှို့ဝှက် ပေးထားမှာပါ။ လူတွေတိုင်ဖို့ကြောက်ကြတယ်ဆိုတာကို နားလည်ပေးလို့ရပါ တယ်။ အိုင်အဲလ်အိုအနေနဲ့ အမည်မဖော်ဘဲတိုင်ကြားမှုတွေကို လက်ခံလို့မရ ပေမယ့် တိုင်လာတဲ့လူရဲ့အမည်နဲ့ ကိုယ်ရေးအချက်အလက်ကိုတော့ လျှို့ဝှက် ပေးထားမှာဖြစ်ပါတယ်။”

အိုင်အဲလ်အိုကိုတိုင်ကြတဲ့လူတွေထဲကအများစုကို အစိုးရက ဘယ်လို အပြစ်ပေးဖိနှိပ်မှုမျိုးမှမလုပ်ခဲ့ကြောင်း၊ အိုင်အဲလ်အိုကိုတိုင်လို့ ထောင်ချခံရတဲ့ အရေအတွက်တော်တော်နည်းကြောင်းနဲ့ သူတို့ကို အစိုးရက ထောင်ချအပြစ်ပေး တာဟာ ၁။ နိုင်ငံရေးအရ လှုပ်ရှားတက်ကြွခဲ့တဲ့ ရာဇဝင်ရှိခဲ့ကြတာရယ်၊

၂။ အိုင်အဲလ်အိုနဲ့ဆိုင်တဲ့လှုပ်ရှားမှုတွေမှာ တက်ကြွမှုရှိကြတာရယ် ကြောင့်ဖြစ်တယ် လို့ စတိဗ်မာရှယ် က ရှင်းပြပါတယ်။

“အိုင်အဲလ်အိုနဲ့ပတ်သက်လို့အဖမ်းခံရတယ်၊ ဖိအားပေးခံရတယ်ဆိုရင် အဲ့ဒီလူတွေပြန်လွှတ်ဖို့နဲ့ ပြဿနာကိုအဖြေရှာဖို့ ကျနော်တို့အစိုးရနဲ့ ပြင်းပြင်းထန် ထန်ဆွေးနွေးရပါတယ်။ တချို့ပြန်လွှတ်ခဲ့တာတွေရှိသလို မလွှတ်သေးတာတွေ အတွက်လည်း ကျနော်တို့အစိုးရနဲ့ ဆက်လက်ညှိနှိုင်းအဖြေရှာနေဆဲဖြစ်ပါတယ်။”

အခုလို အင်္ဂပူမြို့နယ်က အခမဲ့အလုပ်ခိုင်းစေတာနဲ့ပတ်သက်လို့ ကျေးရွာ ရယက တွေမှာ ဖုန်းမရှိတဲ့အတွက် ဆက်သွယ်လို့မရခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ် မေလ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ဆန္ဒခံယူပွဲမှာ ထောက်ခံမဲအများစုရခဲ့တဲ့ ရွာ တချို့ကစာသင်ကျောင်းတွေကို သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် က ငွေလာလှူဒါန်းတာဖြစ်ပြီး ၂၀၁၀ ရွေးကောက်ပွဲမှာ သူ့ကိုမဲပေးဖို့ စည်းရုံးဟော ပြောခဲ့တာလို့လည်း ဒေသခံတွေကပြောပါတယ်။

# ဘင်္ဂလား မြန်မာနယ်စပ် သံဆူးကြိုးကာ

**DVB၊ မတ်လ၃၁။** ။ ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာဘက်က သံဆူးကြိုး ကာတာကို မကန့်ကွက်ပေမယ့် နိုင်ငံတကာစည်းမျဉ်းအရ နယ်စပ်မျဉ်းကြောင်း ကနေ မီတာ ၁၀၀ အကွာထားပြီး ကာဖို့သတိပေးလိုက်ကြောင်း ဒီနေ့ထုတ် ဘင်္ဂလားဒေ့ရှ်သတင်းစာတွေမှာ ဖော်ပြထားပါတယ်။

လွန်ခဲ့တဲ့ နှစ်ရက်လောက်က ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာသံအမတ် ကြီး ဦးဖေသန်းဦးကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဌာနအတွင်းဝန်က ဆင့်ခေါ်ပြီး မြန်မာဖက်က သံဆူးကြိုးကာရံမှုကို မေးမြန်းခဲ့စဉ်မှာ အဲဒီလိုပြောခဲ့တာလို့ သိရပါတယ်။ မြန်မာသံအမတ်ကြီး ဦးဖေသန်းဦးကလည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းအတိုင်း နယ်စပ်သံဆူးကြိုးကာမှာဖြစ်ပြီး အဓိက က နယ်စပ်ဖြတ်ကျော် မှောင်ခိုကုန်သွယ်မှုနဲ့ လူကုန်ကူးမှုတားဆီးရေးအတွက် ရည်ရွယ်တာဖြစ်တယ်လို့ ဖြေကြားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းစာတွေမှာ ရေးသားထားပါတယ်။

တချိန်တည်းမှာပဲ မြန်မာဘက်က ဘင်္ဂလားဒေ့ရှ်နယ်စပ်ဖြစ်တဲ့ မောင်း တောမြို့နယ် မြောက်ပိုင်း သံဆူးကြိုးကာဖို့အတွက် ပြင်ဆင်နေကြောင်း၊ ကာမယ့် ပစ္စည်းကိရိယာတွေ၊ မြေတူးစက်တွေ လိုအပ်တာတွေကို သင်္ဘောလေးစီးနဲ့ မနေ့ ကပို့လိုက်ပြီဖြစ်ကြောင်း အဲဒီအခြေအနေကို လေ့လာနေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှာနေထိုင်သူ ခိုင်ပြည်သိမ်းက ပြောပါတယ်။ မြန်မာဘက်က သံဆူးကြိုးကာ မယ့် နေရာကို ရဲတပ်ဖွဲ့ဝင်တွေ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဗျူဟာက စစ်သား တွေကို အရပ်ဝတ်နဲ့ လက်နက်တပ်ဆင်မှုမရှိဘဲ စေလွှတ်ထားတယ်လို့လည်း ကိုခိုင်ပြည်သိမ်းက ပြောပါတယ်။ နအဖစစ်အုပ်စုနဲ့ ဘင်္ဂလားဒေ့ရှ်အရင် အိမ် စောင့်အစိုးရတို့ဟာ မနှစ်နှစ်ကုန်ပိုင်းက စွမ်းအင်ရှာဖွေမှုနဲ့ ပတ်သက်ပြီး ပင်လယ် ပြင်ပိုင်နက်ပြဿနာ အငြင်းပွားခဲ့ကြပါတယ်၊ အဲဒီနောက် နှစ်နိုင်ငံ စစ်ပြင်ဆင်တဲ့ အထိ ဖြစ်ပွားခဲ့ပြီး အခု နအဖက သံဆူးကြိုးကာဖို့ စီစဉ်နေတာဖြစ်ပါတယ်။

# မကွေးတွင်ကလေးများကာလဝမ်းရောဂါဖြစ်

**DVB၊ မတ်လ ၃၁။** ။ မကွေးမြို့မှာ အခုလတ်တလော ကာလဝမ်းရောဂါ တွေဖြစ်ပွားနေပြီး အထူးသဖြင့် ကလေးတွေမှာ အဖြစ်များနေပါတယ်။

မကွေးမြို့ရှိ လူနေထူထပ်တဲ့ဆင်းရဲသားရပ်ကွက်တွေမှာ နေထိုင်တဲ့သူတွေ ကာလဝမ်းရောဂါအဖြစ်များနေပြီး အထူးသဖြင့် မကွေးမြို့ဟောင်းရပ်ကွက်နဲ့ ကင်း ရပ်ကွက်မှာပိုပြီးအဖြစ်များကာ အသက် ၅ နှစ်ကနေ ၈ နှစ်အကြား ကလေးငယ် တွေပိုဖြစ်နေတယ်လို့ မကွေးမြို့ခံတဦးကပြောပါတယ်။

“မြို့ဟောင်းဆိုတာကလည်း မကွေးမြို့စတည်တဲ့နေရာပဲလေ။ လက်လုပ် လက်စားများတယ်၊ ဆင်းရဲသားများတယ်လို့ပြောရမှာပေ့ါ။ လူနေအိမ်လည်းထူ ထပ်တယ်။”

ကာလဝမ်းရောဂါဖြစ်နေတာတပတ်ကျော်ပြီဖြစ်ပြီး တနေ့က ဒေသခံအာ ဏာပိုင်တွေဖြစ်တဲ့ မယရ၊ ရယက၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအဖွဲ့နဲ့ ကျန်း မာရေးဌာနတွေကပူပေါင်းပြီး ရောဂါပြန့်ပွားမှုမရှိအောင် ဆေးတွေလိုက်ဖြန့်နေ တယ်လို့ အဲဒီမကွေးမြို့ခံကပြောပါတယ်။

“သူတို့က ရေပေးဝေရေးကန်ကြီးတွေထဲကို ဆေးတွေလိုက်ခတ်တယ်။ နေပြည်တော်ကတောင်ဆင်းလာပြီး ကြပ်ကြပ်မတ်မတ်နဲ့လုပ်တယ်ပြောတာပဲ။” ဒီကာဝမ်းရောဂါကြောင့် ဆေးရုံတွေမှာ လူနာတွေပြည့်နေတဲ့အပြင် အခမဲ့ကုသ ပေးနေတဲ့ နာရေးကူညီမှုအသင်းရဲ့ဆေးခန်းမှာလည်း လူနာတွေပြည့်နေတယ်လို့ ဆိုပါတယ်။ မကွေးမြစ်အထက်ပိုင်းမှာ တဲထိုးနေထိုင်သူတွေဟာ မြစ်ထဲကို အညစ် အကြေးစွန့်ကြလို့ ရောဂါစဖြစ်လာရတာဆိုပြီး အာဏာပိုင်တွေက မကွေးမြစ် အထက်ပိုင်းမှာတဲထိုးနေထိုင်တဲ့သူတွေကို လိုက်ဖယ်ခိုင်းနေတယ်လို့ တခြားမကွေး မြို့ခံတယောက်ကပြောပါတယ်။

“ကမ်းနားစားသောက်ဆိုင်တွေ၊ မော်တော်ဆိပ်မှာရောင်းတဲ့ စား သောက်ဆိုင်တွေကအစမထွက်ရဘူးဆိုပြီး အကုန်လိုက်ပိတ်တယ်။”

# ကချင်ပြည်နယ် အဖွဲ့ချုပ်စည်းရုံးရေးအဖွဲ့ဝင်တွေ အစည်းအဝေးပြုလုပ်

**RFA၊ မတ်လ ၃၁။** ။ မတ်လ ၃၀ ရက်နေ့မှာ ကချင်ပြည်နယ် NLD စည်းရုံးရေးအဖွဲ့ဝင်တွေနဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစည်းအဖွဲ့ဝင်တွေ အစည်းအဝေး လုပ်ပါတယ်။ အဲဒီအစည်းအဝေးဟာ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးပြီးတဲ့နောက်မှာ ကချင်ပြည်နယ်အနေနနဲ့ ဒုတိယအကြိမ် တွေ့ဆုံကြတာ ဖြစ်ပါတယ်။

ဗန်းမော် NLD အဖွဲ့ဝင်ဦးလှရွှေရဲ့ အိမ်အစည်းအဝေးမှာ ပြည်နယ်စည်းရုံးရေးအဖွဲ့ဝင်တွေနဲ့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကစည်းရုံးရေးအဖွဲ့ဝင်တွေ တွေ့ဆုံကြတာဖြစ်ပါ တယ်။ တက်ရောက်ကြတဲ့သူတွေနဲ့ ဆွေးနွေးကြတဲ့အကြောင်းအရာအချို့နဲ့ ပတ်သက်လို့ ဗန်းမော်မြို့ NLD မြို့နယ်စည်းအဖွဲ့ဝင်ဦးဇော်သင်းက အခုလိုပြောပြပါတယ်။

“ပြည်နယ်ကတော့ ၁၁ ယောက်လာပါတယ်။ ၁၁ ယောက်မှာ ဦးတင်ဝယ်၊ ဦးကျော်ခင်၊ ကျန်တဲ့အဖွဲ့ဝင်တွေ နောက်ဥက္ကဋ္ဌ ဦးဒါရှိုလဆိုင်း၊ ကိုယ်တိုင်ပါဝင်ပါတယ်။ နောက်အတွင်းရေးမှူးဦးမြသိန်း၊ နောက်ကျနော်တို့ဗန်းမော်ကတော့ ဦးငန်းဘောက်၊ ဦးလှရွှေ၊ ဒေါ်ရင်မေ ရပ်ကျေးများကလည်းတက်ကြပါတယ်။ ပြည်ထောင်စုနေ့အတွေ့အကြုံရှင်းလင်းပွဲ၊ နောက်ပြီးတော့ ရှေ့လုပ်ငန်းစဉ်နဲ့ပတ်သက်လို့ လုပ်ဆောင်ရမယ့်ကိစ္စတွေကို ဆွေးနွေးသွားကြတာပါ။ စက်တင်ဘာ သံဃာ့အရေးအခင်းပြီးတော့ မိုးညှင်းမှာတကြိမ်တွေ့ဆုံကြပါတယ်။ ကျနော်တို့ဗန်းမော်မှာတော့ ပြည်နယ်နဲ့မြို့နယ်များတွေ့ဆုံတာကတော့ ပထမဦးဆုံး အကြိမ်ပါဘဲ။”

ဗန်းမော်မြို့ NLD အနေနဲ့ အဖွဲ့ဝင်တချို့ကကျန်းမာရေးမကောင်းတာ၊ တချို့ကထောင်ကျနေတာတွေကြောင့် လပတ်အစည်းအဝေးမလုပ်နိုင်တာတောင် အတော်လေးကြာနေပြီလို့လည်း သူကပြောပါတယ်။ အခုတွေ့ဆုံပွဲကနေပြီးတော့ NLD ဗဟိုရဲ့ သဘောထားတွေကိုထောက်ခံတဲ့ ဆုံးဖြတ်ချက်တွေချခဲ့တယ်လို့လည်း သိရပါတယ်။ အဲဒီအထဲမှာ ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနဲ့ ဂျပန်ဝန်ကြီးချုပ်တို့ရဲ့ ထုတ်ပြန်ချက်နဲ့ပတ်သက်လို့ NLD ဗဟိုရဲ့ သဘောထားထုတ်ပြန်ချက်ကို ထောက်ခံတဲ့အကြောင်းနဲ့ ဗဟိုကနေဗိုလ်ချုပ် မှူးကြီးသန်းရွှေဆီ တောင်းဆိုထားတဲ့စာနဲ့ပတ်သက်လို့လည်း ပြည်နယ်အနေနဲ့ ထောက်ခံတဲ့ဆုံးဖြတ်ချက်တွေချခဲ့တယ်လို့ ဦးဇော်သင်းကပြောပါတယ်။ ကချင်ပြည်နယ်အတွင်းက NLD အဖွဲ့ရဲ့ အခြေအနေအချို့နဲ့ပတ်သက်လို့လည်း ဦးဇော်သင်း ကရှင်းပြပါတယ်။

“ပြည်နယ်အနေနဲ့ကတော့ လက်ရှိပြည်နယ်စည်းများကရှိကြပါတယ်။ ရှိတယ်ဆိုတာက ဖားကန့်၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ မြစ်ကြီးနား၊ အဲဒီမှာက ကျနော်တို့ဆိုင်းဘုတ်တင်ပြီး ကျန်တဲ့မြို့နယ်များကတော့ ၈ မြို့နယ်ကျန်တယ်၊ နည်းနည်းလေးတက်ကြွပြီး အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတဲ့မြို့နယ်များကတော့ မိုးညှင်း မိုးကောင်း၊ ဖားကန့်၊ ရွှေကူ၊ ၂၇ ရက်နေ့ကလည်း ပြည်နယ်စည်းများ၊ ရပ်ကျေးများနဲ့တွေ့ဆုံတယ်။ ကျနော်တို့ဗန်းမော်က အရင်ကတည်းက သံဃအရေးအခင်းပြီးတော့ လူတွေကလည်းဖမ်းကြဆီးကြတော့ ကျနော်တို့စည်းရုံးရေးလည်းကျဆင်းသွားတာပေ့ါ။ သို့သော်လည်းဘဲ အခုပြည်နယ်စည်းများနဲ့ မြို့နယ်စည်းများနဲ့ ဝတ်စုံတူ တူညီတက်ပြီးတော့ အစည်းအဝေးကျင်းပတယ်ဆိုတာ ပြည်သူလူထုအနေနဲ့ကတော့ လှုပ်ရှားတာဝမ်းသာကြိုဆိုတဲ့အနေနဲ့ရှိကြပါတယ်။”

ဗန်းမော်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်း၊ ဒုဥက္ကဋ္ဌဦးဘမြင့် မြစ်ကြီးနားမြို့နယ်စည်းဒုဥက္ကဋ္ဌဦးနေဝင်းနဲ့ မိုးညှင်းမြို့ကဦးဖေစိန်တို့ကို စက်တင်ဘာ သံဃလှုပ်ရှားမှုပြီးတဲ့နောက် အာဏာပိုင်တွေကဖမ်းဆီးပြီး ထောင် ၂ နှစ်ဆီချမှတ်ခဲ့ပါတယ်။ မိုးညှင်းကဦးဖေစိန်ကတော့ မကြာသေးခင်ကပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။

**စာမျက်နှာ ၁၅ သို့**

စာမျက်နှာ ၁၅ သို့


Voice of Burma

1-507, Horifune Jutaku
Horifune 2-27-1
Kita Ku, Tokyo
Japan. 114 - 0004

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
voburma@ac.auone-net.jp


၁၉၉၅ ခု အောက်တိုဘာလ မှ စတင်၍ အပတ်စဉ် ထုတ်ဝေသည်

TO

AIR MAIL

PRINTED MATTER